စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၁၁/ ၂၀၁၉**

**၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ဈေးကွက်အတွင်း နှမ်းမျိုးစုံဝင်ရောက်မှုများပြားခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျ
- လက်ဖက်ကို နေလှန်းခြောက် ပြုလုပ်ခြင်းထက် ရွက်စိမ်းရောင်းချမှုများလာ
- အလားအလာကောင်းနေတဲ့ ဖရဲသီးဈေးကွက်
- မိုးထောင်ငရုတ်သီးအစို ယခင်နှစ်ထက် ဈေးနှုန်းနှစ်ဆပိုမိုရရှိ
- ကထိန်ရာသီမတိုင်မီ ဝယ်လိုအားကောင်းနေသဖြင့် ဆီးဖြူသီးများဈေးတက်
- သနပ်ခါးဈေးကွက် ကျဆင်းခြင်းကြောင့် စိုက်ပျိုးမှု ၄၀ ရာခိုင်နှုန်းခန့်လျော့ကျသွားဟုဆို

**နိုင်ငံတကာဈေးကွက်**

- ကမ္ဘာကျော်ငရုတ်ကောင်း တင်ပို့ခွင့်ပြုရန် ကမ္ဘောဒီးယားက မြန်မာကိုတောင်းဆို

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- အိန္ဒိယက ထပ်တိုးဝယ်မည့်သတင်းကြောင့် မတ်ပဲတစ်တန် ကျပ်နှစ်သိန်းခွဲခန့် ဈေးတက်
- ပြည်ပက သကြားများတရားမဝင် ဝင်ရောက်ခြင်းကို တားဆီးပေးရန် တောင်သူများတင်ပြထား
- ရော်ဘာကဏ္ဍအတွက် အသေးစားခြံများ ဖွံ့ဖြိုးတိုးတက်ရေး အဓိကဆောင်ရွက်ရန်လို

**ပြည်ပကုန်သွယ်မှုသတင်း**

- ထိုင်းက လာမည့်နှစ်တွင် ပြောင်းတန်ချိန် ခြောက်သိန်းခွဲဝယ်ယူရန် ကမ်းလှမ်းထားဟုဆို
- ဂျပန်နှင့် ကိုရီးယားသို့ ဂျီအေပီနှမ်းတန်ချိန် ၄၀၀ တင်ပို့မည်
- အိန္ဒိယက ကြက်သွန်ဈေးထိန်းချုပ်ရန် တင်ပို့မှုကို ပိတ်ပင်
- မြန်မာ့ကော်ဖီဈေးကွက် ဥရောပဈေးကွက်သို့ တိုးချဲ့တင်ပို့မည်
- အုန်းသီးဈေး ပြန်ကောင်းလာ၍ ထိုင်းသို့ပို့မည်

**အထူးဆောင်းပါးများ**

- ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်နေသော ထန်းတက်လုပ်ငန်းခွင်

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁- ၃၇၁၂၀၃

၀၁ -၃၈၈၂၉၇

၀၁ -၃၇၆၄၁၆

၀၁ -၃၇၆၄၉၀

ဖက်စ် ၀၁ -၃၇၆၄၁၆

http://www.myantrade.org

myantradetir2016@gmail.com




# ပြည်တွင်းဈေးကွက်

## ဈေးကွက်အတွင်း နှမ်းမျိုးစုံဝင်ရောက်မှု များပြားခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျ

နှမ်းစိုက်ပျိုးမှု များပြားသော မကွေးတိုင်းဒေသကြီး ဈေးကွက်အတွင်းသို့ နှမ်းရောင်စုံအသစ်များ ဝင်ရောက်မှု မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။ "မိုးနှမ်းဆိုတော့ အစိုဓာတ်များတယ်။ ဒါကြောင့်ဈေးခွာပေး ဝယ်ကြတယ်။ စမုံနှမ်းနက် ၄၅ ပိဿာရှိ သုံးတင်းဝင် တစ်အိတ်ကို ကျပ် ၂၂၀၀၀၀ ကနေ ကျပ် ၂၃၅၀၀၀ ရှိတာကနေ တစ်အိတ်ကိုကျပ် ၄၀၀၀ လောက် ကျဆင်းလာတယ်။ နှမ်းဖြူ ကတော့ တရုတ်က အဝယ်လိုက်လာလို့ ဈေးကောင်းရတယ်။ တစ်အိတ်ကို ကျပ် ၂၀၀၀လောက် ဈေးတက်တယ်။ ကျန်တဲ့ အမျိုးအစားတွေကတော့ တစ်အိတ်ကို ကျပ် ၁၀၀၀ လောက် ဈေးကျဆင်းတယ်" ဟု မကွေးရှိ နှမ်းကုန်သည် ဦးအောင်မိုးက ပြောသည်။



နှမ်းရောင်စုံ ဈေးကွက်အတွင်း နှမ်းနက် (စမုံ) ၄၅ ပိဿာရှိ တစ်အိတ်လျှင် ကျပ် ၂၄၂၀၀၀၊ နှမ်းပြာအသန့် တစ်အိတ် လျှင် ကျပ် ၂၁၅၀၀၀ မှ ကျပ် ၂၁၃၀၀၀ ခန့်၊ နှမ်းဖြူ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ နှမ်းနီ တစ်အိတ်လျှင် ကျပ် ၁၃၆၀၀၀ အသီးသီးရှိနေသည်။ "နှမ်းကို တရုတ်နိုင်ငံက ပုံမှန်ဝယ်ယူနေတယ်။ သူတို့ဝယ်ယူနေတဲ့ နှမ်းနက် (စမုံ) က ပြည်တွင်းမှာပေါ်နေတာကြောင့်ဈေးကျလာပါ။ အဝယ်လျော့ကျသွားလို့ မဟုတ်ပါဘူး။ နှမ်းဖြူကတော့ အဝယ်လည်းများသလို ပစ္စည်းကလည်းများများမရှိတာကြောင့် ဈေးတက်လာတာပါ။ ဈေးနှုန်း အတက်၊ အကျ ခန့်မှန်းဖို့ကတော့ခက်တယ်။ ဒါပေမယ့် အတက်၊ အကျ သိသိသာသာ ပြောင်းလဲနိုင်ဖို့ မရှိပါဘူး"ဟု မန္တလေးရောမင်းသားပွဲရုံလုပ်ငန်း ပဲမျိုးစုံနှင့် နှမ်းကုန်သည် ဦးမျိုးဆွေက ပြောသည်။ ထို့ပြင် နှမ်း၏ အလေးချိန်မပျောက်ရေးကိုပဲ ဦးစားပေးဆောင်ရွက်ရသလို ဖုန်၊ သဲ၊ ခဲနည်းလျှင် အရည်အသွေးကောင်းခြင်းကြောင့် ဈေးကျဆင်းမှုကို ထိန်းသိမ်းထားနိုင်ကြောင်းပြောသည်။ မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများအနက် နှမ်းသည်စိုက်ဧကအများဆုံးဖြစ်သည်။ ဆီထွက်သီးနှံစုစုပေါင်း စိုက်ဧက၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ မြန်မာ့နှမ်းကို နယ်စပ် လမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းမှ တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ ဘူဂေးရီးယား၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ မလေးရှားနှင့် ယူအေအီးနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ Source: http://htwettoe.com/article-details/news/8021774

## လက်ဖက်ကို နေလှန်းခြောက် ပြုလုပ်ခြင်းထက် ရွက်စိမ်း ရောင်းချမှုများလာ

လက်ဖက်တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများက ကိုယ်တိုင်နေလှန်းခြောက်ပြုလုပ်ခြင်းထက် ရွက်စိမ်း ရောင်းချမှု ပိုများလာကြောင်း ပင်းတယမြို့နယ် ဇော်ဂျီကျေးရွာမှ ဇော်ဂျီအဆင့်မြင့် လက်ဖက်ခြောက်စက်ရုံပိုင်ရှင် ဒေါ်မြမြဝေ၏ ပြောဆိုချက်အရသိရသည်။ "နေလှန်းခြောက်လုပ်ဖို့ အိမ်မှာပေါင်းရမယ်၊ နယ်ရမယ်၊ နေပူလှန်းရမယ်။ အဲဒီတော့ တစ်ပိုင်တစ်နိုင်လုပ်ရင် တောင်လူတစ်ယောက်အမြဲတမ်းလိုတယ်။ ရွက်စိမ်းဆိုရင် အလုပ်မရှုပ်တော့ဘူး။ အခု ရွက်စိမ်းဈေးလည်း မြင့်လာတဲ့အတွက် နေလှန်းခြောက်ထက်ပိုပြီး တွက်ခြေကိုက်တယ်" ဟု ဒေါ်မြမြဝေက ပြောသည်။

နေလှန်းခြောက်ပြုလုပ်ရာတွင် လက်ဖက်စိမ်း ငါးပိဿာနေလှန်းပါက လက်ဖက်ခြောက် တစ်ပိဿာရရှိသော်လည်း ငွေကြေးကွာဟမှုမရှိသဖြင့် ရွက်စိမ်းအတိုင်းသာ ရောင်းချလာခြင်းဖြစ်သည်။ ရွက်စိမ်းတစ်ပိဿာလျှင် ယခင်က ငွေကျပ် ၈၀၀ မှ ၁၀၀၀ ဝန်းကျင်၊ ရွှေဖီမိုးလွတ် တစ်ပိဿာ လျှင်ငွေကျပ် ၁၆၀၀၊ မိုးရာသီကာလအတွင်း ထွက်ရှိသည့် ခါးကန်လက်ဖက်တစ်ပိဿာလျှင်ငွေကျပ် ၁၂၀၀ ဝန်းကျင် အထိရှိကြောင်း ဇော်ဂျီရေထွက်ဒေသရှိလက်ဖက်စိုက်ပျိုးသူ ဒေါ်သန်းကြည်ကပြောသည်။ လက်ဖက်ကိုပြာသို၊ တပို့တွဲလမှအပ တစ်လလျှင် သုံးကြိမ်ဖြင့် ခူးဆွတ်လေ့ရှိပြီး လက်ဖက်ခူးဆွတ်ခမှာ



တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ပေးရကြောင်း၊ အရွက်နုမှာ အခါးပေါ့လေ့ရှိပြီး အရွက်ရင့်မှာ အခါးပိုလေ့ရှိရာလက်ဖက်ခူးဆွတ်ရာတွင် နှစ်ရွက်တစ်ညွန့်ခူးပါက ဈေးပိုရရှိသော်လည်း အလေးချိန်ပေါ့သည့်အတွက် ယင်းစနစ်အတိုင်း ခူးဆွတ်မှုနည်းပါးကြောင်း သိရသည်။

တစ်နှစ်လျှင် လက်ဖက်စိမ်း တစ်ဧကအထွက်နှုန်း ပိဿာချိန် တစ်ထောင်ဝန်းကျင် ထွက်ရှိပြီး ငွေကျပ် ၁၂ သိန်းခွဲ ဝန်းကျင်ရရှိကာ သီးညှပ်စိုက်ပျိုးထားသည့်အတွက် တစ်နှစ်ပတ်လုံး ရေသွင်းနေသောကြောင့် လက်ဖက်ပင်မှာဖြစ်ထွန်းအောင်မြင်ကြောင်း သိရသည်။လတ်တလောတွင် ပင်းတယမြို့နယ်၌ စက်ပစ္စည်းအစုံအလင်ဖြင့် ရွက်စိမ်းခြောက် ပြုလုပ် သည့် စက်ရုံ ၁၀ ရုံခန့်ရှိကြောင်း သိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2389-dry-green-tea.html?

## အလားအလာကောင်းနေတဲ့ ဖရဲသီးဈေးကွက်

တရုတ်ဘက်ကို တင်ပို့နေတဲ့ ဖရဲသီးဈေးကွက်ဟာ လက်ရှိမှာပုံမှန်ဖြစ်နေပေမဲ့ ရှေ့ဆက်ပြီး ဈေးကွက်ကောင်းမယ့် အလားအလာရှိနေတယ်လို့ မူဆယ်သစ်သီးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဗိုလ်က ပြောပါ တယ်။ ဦးစိုင်းမြင့်ဗိုလ်က "ရှေ့အလား အလာကတော့ ကောင်းလာဖို့ များပါတယ်၊ အဓိကကတော့ တရုတ်ပြည်က အသီးတွေကုန်တော့ မှာလေ၊ ရှေ့လျှောက်ဆိုရင် သူတို့ဘက်က ကုန်သလောက်ဖြစ်သွားပြီ၊ ကျွန်တော်တို့ဘက်ပဲ အားကိုး ရတော့မှာလေ"လို့ ပြောပါ တယ်။

လက်ရှိ မူဆယ်သစ်သီးကုန်စည်ဒိုင်ရှိ ဖရဲဈေးကွက်ကတော့ ၈၅၅ အမျိုးအစား ရှမ်းသီး တစ်တန် ကို ယွမ် (၁၅၀၀) ကနေ (၁၈၀၀၀) အထိရှိနေပြီး စစ်ကိုင်းနဲ့ မန္တလေးဘက်တို့ကထွက်တဲ့ ဖရဲတွေကတော့ တစ်တန်ကို ယွမ် (၁၄၀၀) ကနေ (၁၅၀၀၀) အထိရှိနေတယ်လို့ မူဆယ်နယ်စပ်ရှိ ခွာညိုသစ်သီး ပွဲရုံကသိရပါတယ်။ လက်ရှိမှာ တရုတ်ဘက်က ဖရဲတွေ အနည်းငယ်ကျန်ရှိနေသေးတဲ့အတွက် ဖရဲဈေးကွက်ဟာ ပုံမှန်ဖြစ်နေပြီး ပြီးခဲ့တဲ့ နှစ်ကာလတူနဲ့ ယှဉ်ရင်တော့ အနည်းငယ်ဈေးနိမ့်နေတယ်လို့ သိရပါတယ်။ အခုမူဆယ်သစ်သီး ကုန်စည်ဒိုင်မှာ အဝင်များနေတာက ရှမ်းသီးတွေဖြစ်ပါတယ်။ ခွာညိုသစ်သီးပွဲရုံက ဦးစိုင်းခင်မောင်က "အခုလောလောဆယ်တော့ တရုတ်ဘက်က ထွက်နေသေးတယ်၊ အဲဒီတော့ ဒီဘက်ကဈေးသိပ်မငြိမ်သေးဘူး၊ ဒီလကုန်အထိတော့ တဖြည်းဖြည်းလျော့ပြီး ရှိနေဦး မယ် ထင်တယ်၊ ကျန်တဲ့အသီးတွေကတော့ ဘာသီးမှမဝင်သေးဘူး" လို့ ပြောပါတယ်။



မြန်မာနိုင်ငံရဲ့ ဖရဲ၊ သခွား၊ သရက်သီး ပြည်ပတင်ပို့မှုဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က တစ်နှစ်ကို တန်ချိန် တစ်သိန်း လောက်သာ ရှိခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်မှာတော့ တန်ချိန်တစ်သန်းခန့်အထိ တင်ပို့နိုင်ခဲ့တယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောပါ တယ်။ ဒုဝန်ကြီးက "လောလောဆယ်တော့ ဖရဲ၊ သခွားမွှေးတွေကို တရုတ်နိုင်ငံဘက်ကိုပဲ တင်ပို့နေရ တာဖြစ်ပါတယ်၊ တရုတ်နိုင်ငံကို ပို့တဲ့အခါမှာ ရာသီချိန်က ကွာဟမှုရှိပါတယ်၊ တရုတ်နိုင်ငံ ဘက်မှာ ရာသီချိန်က သီးနှံမထွက်ရင် ကျွန်တော်တို့ဘက်က ပို့ရတယ်၊ တစ်ခါတရုတ်နိုင်ငံကို တင်ပို့နေကြတဲ့ လာအိုတို့၊ ထိုင်းတို့၊ ဗီယက်နမ်တို့ရှိတယ်၊ အဲဒီနိုင်ငံတွေမှာ အထွက်ကောင်းရင် ကျွန်တော်တို့ ထွက်ကုန်ကို သွားရောင်းတဲ့အခါ ဈေးကောင်းမရတာတွေလဲရှိပါတယ်"လို့ စက်တင်ဘာလ ၂၅ ရက် နေ့က ပြုလုပ်တဲ့ ဖရဲ၊ သခွားမွှေး ပို့ကုန်မဟာဗျူဟာ ဒီဇိုင်းရေးဆွဲတဲ့ အခမ်းအနားမှာပြောပါတယ်။ လက်ရှိမှာတော့ မူဆယ်သစ်သီးကုန်စည်ဒိုင်မှာ တစ်နေ့ကို ဖရဲသီးကားအစီးရေ ပျမ်းမျှ (၄၀) ခန့် ဝင်ရောက်နေတယ်လို့ သိရပါတယ်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2387

## မိုးထောင်ငရုတ်သီးအစို ယခင်နှစ်ကထက် ဈေးနှုန်းနှစ်ဆပိုမိုရရှိ

မင်းဘူးမြို့နယ်တွင် ယခုနှစ်၌ မိုးထောင်ငရုတ်သီးအစို ဆွတ်ခူးရောင်းရချိန်တွင် ယခင်နှစ်ကထက် ဈေးနှုန်းနှစ်ဆပိုမို ရရှိကြောင်းသိရသည်။ မင်းဘူးမြို့နယ်ရှိ ကျောက်တန်း၊ ရေမြောက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်းကျေးရွာများက ထွက်ရှိသော ငရုတ်သီးအစိုများကို မင်းဘူးဈေးနှင့် မကွေးမြို့ပေါ်ရှိ မြို့မဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေးများတွင် ရောင်းချနေခြင်းဖြစ်သည်။ ယခင်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် မိုးထောင်ငရုတ်စို တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ကျပ် ၆၀၀ အထိသာ ရောင်းချပြီး ယခုနှစ်ကာလတူ ငရုတ်သီးအစို စတင်ထွက်ရှိချိန်၌ တစ်ပိဿာလျှင် ကျပ် ၆၅၀ စရောင်းရပြီး လက်ရှိတွင် ကျပ် ၁၂၀၀ အထိလက်ကားရောင်းချရကြောင်း ရေတွင်းကုန်ကျေးရွာက ငရုတ်စိုက်တောင်သူကိုဇော်ထူးကပြောသည်။ " ကျွန်တော်တို့ ရွာနဲ့အနီးတစ်ဝိုက်က ရွာတိုင်းကတောင်သူတိုင်း ငရုတ်စိုက်တယ်။ မနှစ်က မိုးထောင်ငရုတ်ဈေးက ခြောက်တဲ့အထိ ဈေးမရဘူး၊ အခုနှစ်က မနှစ်ကထက် ငရုတ်ဈေးပိုရတယ်။ ဆောင်းငရုတ်ကတော့ အခုမှစိုက်ပြီး ပေါင်းထိုးကြတယ်" ဟု ကိုဇော်ထူးက ပြောသည်။ မင်းဘူး (စကု)မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ငရုတ်စိုက်ဧက ၁၂၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၄၀ ခန့်အထိစိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

ငရုတ်စိုက်တောင်သူအမျိုးသမီးတစ်ဦးက "အခုနှစ်မှာ ကျွန်မတို့ငရုတ်အစိုကနှစ်ခါဆွတ်ရောင်းပြီးပြီ။ တစ်ခါဆွတ်ရင် အချိန် ၁၀၀ ရတယ်။ ပထမအသုတ်က တစ်ပိဿာ ကျပ် ၆၅၀ နဲ့ဈေးအရနည်းတယ်။ နောက်တစ်ခါဆွတ်တော့ တစ်ပိဿာ ကျပ် ၁၀၀၀ နဲ့ ဈေးတက်ရောင်းရတယ်" ဟုပြောသည်။ မိုထောင်ငရုတ်စိုသည် ဆွတ်ခူးပြီး မြေသြဇာကျွေး၊ ရေလောင်းပေးပါက အသီးထွက်နှုန်းကောင်းပြီး တစ်ရာသီတွင်ငရုတ်သီးကုန်ချိန်အထိ ၁၀ ကြိမ်အထိခူးရသည်။ ငရုတ်တစ်ပင်လျှင် အသီး တစ်ပိဿာခွဲအထိရရှိသည်။ ငရုတ်ကို ဧကဝက်ခန့် စိုက်ပျိုးထားပါက ပိဿာ ၉၀၀ ကျော်၊ ၁၀၀၀ ခန့်အထိရရှိသည်။ ငရုတ်သီး အမှည့် အစိုဖြစ်သည်ထိထားပါက တစ်ပင်လျှင် တစ်ပိဿာအထိရှိကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်က ငရုတ်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၅၀၀၀ အထိရှိသော်လည်း ယခုနှစ်တွင် မိုးထောင်ငရုတ်ခြောက် တစ်ပိဿာလျှင်ကျပ်

၅၅၀၀ နှင့် ငရုတ်အပွ(အမှည့်) တစ်ပိဿာလျှင် ကျပ် ၆၀၀၀ အထိရှိကြောင်း သိရသည်။ “ ငရုတ်စိုက်တောင်သူတွေ ရောင်းတာက ငရုတ်သီးက အစိမ်း၊ မှည့်စို၊ အခြောက်ဆိုပြီး သုံးမျိုးရှိတယ်။ ငရုတ်ဈေးကတက်လိုက်၊ ပျောက်သွားလိုက်၊ ကျသွားလိုက် ဖြစ်နေတယ်။ မနှစ်ကတော့ ငရုတ်ဈေးက မကောင်းဘူး” ဟု မင်းဘူးမြို့ ငရုတ်နှင့် မျိုးစေ့မျိုးစုံ အရောင်းအဝယ်ပြုလုပ်သည့် ဦးဇော်နိုင်ကပြောသည်။ ယခုနှစ်တွင်  မြန်မာငရုတ်သီးများကို မလေးရှား၊ တရုတ်နှင့် ထိုင်း နိုင်ငံတို့က တိုက်ရိုက်အဝယ်ရှိလာခြင်းကြောင့် လက်ရှိငရုတ်သီးအစိုဈေးများလည်း တက်လာကြောင်း ငရုတ်ပွဲရုံများထံမှ သိရသည်။

Source: the farmer journal

## ကထိန်ရာသီမတိုင်မီ ဝယ်လိုအားကောင်းနေသဖြင့် ဆီးဖြူသီးများ ဈေးတက်

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ကစတင်၍ ကထိန်အလှူများ ပြုလုပ်ကြတော့မည် ဖြစ်သောကြောင့် အလှူများတွင် ထည့်သွင်းကျွေးမွေးကြသည့်ဆီးဖြူသီးများကိုဝယ်ယူစုဆောင်းနေကြသဖြင့်ဈေးနှုန်းများမြင့်တက်လာကြောင်း မကွေးမြို့နယ်ရှိ ဆီးဖြူသီးစိုက်ပျိုးသူများထံမှသိရသည်။ လက်ရှိတွင် ဆီးဖြူသီးတစ်တင်း ကျပ် ၈၀၀၀ ဈေးပေါက်နေပြီး အရောင်းအဝယ်သွက် နေကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်များက ဆီးဖြူသီး တစ်တင်းလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ အထိသာ ဈေးရှိသောကြောင့် ယခုနှစ်တွင် ဈေးမြင့်တက်လာခြင်း ဖြစ်သည်။ ၂၀၁၇ခုနှစ်က မိုးများခဲ့ခြင်းကြောင့် အပင်များလဲခြင်း၊ အသီးနည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ရာက ဆီးဖြူသီးရှားပါးပြီး တဖြည်းဖြည်း ဈေးတက်လာခြင်းဖြစ်ကြောင်း သိရ သည်။



မကွေးမြို့နယ်ရှိ ကျေးလက်ဒေသများ၌ ကထိန်ခင်းလှူခြင်းနှင့် ရှင်ပြုအလှူများတွင် ငါးကြော်၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်၊ ကုလားပဲဟင်း (သို့မဟုတ်) မှန်ရောင်ဟင်းချိုစသဖြင့် ကျွေးမွေးလှူဒါန်းလေ့ရှိကြသည်။ ထို့အပြင်အလှူရှင်၏ စီးပွားရေးအပေါ်မူတည်၍ အကုန်အကျ သက်သာစေရန် ဆီးဖြူသီးအမှုန့်ကို ပုစွန်ခြောက်မှုန့်၊ ကြက်သွန်နီတို့ဖြင့်ရောသုပ်ကာ ငရုတ်သီးကြော်၊ ဟင်းရည်သောက်တို့ဖြင့် ဟင်းသုံးမျိုးကျွေးမွေးကြသည်။ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်မှ ဒေါ်စန်းက “အခုချိန်က ကထိန်အလှူချိန်ဆိုတော့ ဆီးဖြူသီးဝယ်သူက ဈေးကောင်းပေးတယ်။ မြို့ပေါ်က ဈေးသည်တွေက တစ်ပြည် ကျပ် ၄၀၀ လောက်ပဲ ပေးတယ်”ဟုပြောသည်။ အိမ်ဝင်းအတွင်း ဆီးဖြူပင် သုံးပင်၊ လေးပင်ခန့် စိုက်ထားပြီး သုံးနှစ် ကျော်တွင် စတင်အသီးသီးကာ အပင်သေး လျှင် တစ်တင်းခွဲခန့်ရပြီး အပင်ကြီးလျှင် သုံးတင်းခန့်ရကြောင်း၊ တစ်လအတွင်း ကျပ် ၅၅၀၀၀ အထိရကြောင်း ၎င်းက ပြောသည်။ ဆီးဖြူသီးဝယ်ယူ စုဆောင်းခြင်းကို သီတင်းကျွတ်လဆန်းမှ စတင်၍ ဝယ်ယူစုဆောင်းရပြီး အဖန်ရည်ညှစ်ကာ အစေ့ထုတ် သန့်စင်ပြီး အမှုန့်လုပ်ထားရကြောင်း မကွေးမြို့နယ် စည်ပင်သာကျေးရွာမှ ဦးမောင်တင်က ပြောသည်။ “ဆီးဖြူသီး က ရွာတွေဘက်မှာ မရှိသလောက်ရှားတယ်။ ဒီလိုကြိုဝယ်ထားမှ ကထိန်အလှူမှာ မပူရဘူး။ ရွာဘက်တွေမှာ ဝယ်မရတော့ မြို့ပေါ်က ရပ်ကွက်တွေထဲ ဝယ်ရတယ်။ အရင်နှစ်တွေကထက်စာရင် ဈေးနှုန်းကြီးပေးဝယ်ရတယ်။ အလှူတစ်ခု ခြောက်တင်း၊ ခုနစ်တင်းလောက်ကုန်တော့ကြိုစုရတယ်” ဟု ဦးမောင်တင်က ပြောသည်။

Source: https://www.facebook.com/htwettoe/posts/2062555483846455?__tn__=K-R

## သနပ်ခါးဈေးကွက် ကျဆင်းခြင်းကြောင့် စိုက်ပျိုးမှု ၄၀ ရာခိုင်နှုန်းခန့်လျော့ကျသွားဟုဆို

သနပ်ခါးများကို အသုံးပြုမှုနည်းလာခြင်းနှင့်အတူ ဈေးကွက်လိုအပ်ချက်နည်းပါးလာခြင်းကြောင့် စိုက်ပျိုးမှုမှာလည်း ၄၀ ရာခိုင်နှုန်းခန့် လျော့ကျသွားကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသောသနပ်ခါးများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် မထုတ်လုပ်နိုင် ခြင်းနှင့် အလှကုန်ပစ္စည်းများတွင် အသုံးပြုမှုနည်းလာသဖြင့် ဈေးကွက်လိုအပ်ချက်နည်းပါးလာခြင်းကြောင့် စိုက်ပျိုးသူတဖြည်းဖြည်း နည်းပါးလာခြင်းဖြစ်ကြောင်း သိရသည်။ “ သနပ်ခါးကို အဆင့်မြင့်ထုတ်ကုန်တွေဖြစ်တဲ့ အလှကုန်ပစ္စည်းတွေမှာပါတယ်ဆိုပြီး ရောင်းကြတယ်။ ဒါပေမယ့် အဲဒီထဲမှာ တကယ်မပါဝင်ဘူး။ ဒါကို ထိန်းချုပ်မှုလည်း မလုပ်နိုင်သေးတော့ တဖြည်းဖြည်းနဲ့ ဈေးကွက်ပမာဏက ကျဉ်းမြောင်းလာတယ်။ အဲဒီအခါမှာ စိုက်ပျိုးသူတွေကလည်း သနပ်ခါးပင်တွေဖျက်ပြီး လျှော်ဖြူတွေကို အစားထိုးစိုက်ပျိုးလာကြတဲ့အတွက် အခုဆိုရင် ၆၀ ရာခိုင်နှုန်းလောကပဲရှိတော့မယ်” ဟု ဦးကျော်မိုးက ပြောသည်။

ဈေးကွက်ပိုမိုကျယ်ပြန့်လာစေရေးအတွက် သနပ်ခါးပါဝင်သည်ဟုဆိုကာ ရောင်းချနေသည့် မိတ်ကပ်နှင့် အလှကုန်ပစ္စည်းများကို ထိန်းသိမ်းကြပ်မတ်ကြရန် လိုအပ်ကြောင်း၊ ကြပ်မတ်မှုများကို ပြုလုပ်ပေးရန် စားသုံးသူရေးရာ ဦးစီးဌာနထံသို့ အသင်းက တိုင်ကြားထားပြီးဖြစ်ကြောင်းသိရသည်။ “ သနပ်ခါးပါဝင်တယ်ဆိုပြီး ဈေးကွက်ထဲမှာ ရောင်းချနေတဲ့ အလှကုန်တွေရဲ့ ဓာတ်ခွဲစစ်ဆေးပြီးတဲ့ ရလဒ်တွေကို စားသုံးသူရေးရာဦးစီးဌာနကို တင်ပြထားပြီးဖြစ်ပါတယ်။ စားသုံးသူရေးရာ ဥပဒေမှာ

ပါဝင်တဲ့ အချက်အလက်အတိုင်းလိုက်နာဖို့အတွက် အသိပညာတွေပေးနေတယ်။ မကြာမီမှာ အသိပညာပေးကာလကုန်တော့မှာဖြစ်ပါတယ်။ အရေးယူမှုတွေ ပြုလုပ်တော့မယ်လို့လည်း သိရတယ်”ဟု ၄င်းကပြောသည်။

ဈေးကွက်တိုးတက်မှု မရှိခြင်းအပြင် စိုက်ပျိုးသူများကလည်း ရေရှည်စိုက်ပျိုးရသော အပင်အမျိုးအစားဖြစ်သဖြင့် အလျင်အမြန်ခုတ် ရောင်းချနိုင်ရန် အပင်ကြီးမြန်ဆေးများ အသုံးပြုလာကြကြောင်း သိရသည်။ ထို့ကြောင့် သနပ်ခါးများမှာ အမွှေးနံ့သာများ ကြာရှည်မခံခြင်း၊ ပိုးကိုက်မှုများလာခြင်း၊ သက်တမ်းတွက်ချက်ရန် မလွယ်ကူတော့ခြင်းတို့လည်း ဖြစ်လာကြောင်း၊ ဆေးများအသုံးပြု၍ မစိုက်ပျိုးကြရန် လိုအပ်ကြောင်း သိရသည်။ “ အကြီးမြန်ဆေးတွေ ထည့်လိုက်တော့ အပွေးရနည်းတယ်၊ အနှစ်လည်းရရှိမှုကျလာတယ်။ အဲဒါမျိုးတွေ များများစားစားဖြစ်လာရင် လူတွေက ယုံကြည်မှုလျော့ကျလာမယ်။ ဈေးကွက်ပါ ကျဆင်းလာမှာဖြစ်ပါတယ်” ဟု သနပ်ခါးရောင်းချသူတစ်ဦးကပြောသည်။ အထက်ပါကိစ္စများအပြင် အခြားသနပ်ခါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် လိုအပ်သောအချက်များကို မုံရွာမြို့တွင်ပြုလုပ်မည့် သနပ်ခါးညီလာခံ၌ ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Source: https://www.thefarmermedia.com/news/14041

## နိုင်ငံတကာဈေးကွက်

### ကမ္ဘာကျော်ငရုတ်ကောင်း တင်ပို့ခွင့်ပြုရန် ကမ္ဘောဒီးယားက မြန်မာကိုတောင်းဆို

အရည်အသွေးကောင်းသဖြင့် ကမ္ဘာ့အသိအမှတ်ပြုခံထားရသည့် ကမ္ဘောဒီးယားက မြန်မာနိုင်ငံကို တောင်းဆိုလိုက်သည်။ Prak Sokhonn သည် အသစ်ခန့်အပ်ထားသည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ဝန်ကြီးဌာနရှိ ၄င်း၏ရုံးခန်း၌တွေ့ဆုံစဉ် ထိုသို့တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း၊ ဝန်ကြီးကပြောကြားခဲ့ကြောင်း၊ ဝန်ကြီးဌာနအတွင်းဝန် TuotPanha က တွေ့ဆုံမှုအခြေအနေကို ရှင်းလင်းထုတ်ပြန်သည်။

မြန်မာအနေဖြင့် ကမ္ဘောဒီးယား လယ်ယာထွက်ကုန်များ၊ အထူးသဖြင့် ကမ်ပေါ့ငရုတ်ကောင်းကို တင်သွင်းမည်ဟု မျှော်လင့်ကြောင်းနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်းဝန်ကြီးက မြန်မာသံအမတ်ကြီးကို ပြောကြားခဲ့ကြောင်း သိရသည်။ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းက လည်း ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ခြင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးတို့ကို တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်သည့်အပေါ် ကျေးဇူးတင်ကြောင်း Mr Sokhonn ကို ပြောကြားခဲ့သည်။ “မြန်မာအနေနဲ့ ကမ္ဘောဒီးယားရဲ့ လယ်ယာကုန်စည် တွေကို တိုးမြှင့်တင်သွင်းဖို့ အားပေးသွားမယ့်အကြောင်း မြန်မာသံအမတ်ကြီးက သဘောတူခဲ့ပါတယ်”ဟု Ms Panha ကပြောသည်။ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုသည် ၂၀၁၇ ခုနှစ်က ကန်ဒေါ်လာ လေးသန်း သာရှိခဲ့ရာက ၂၀၁၈ ခုနှစ်တွင် ကန်ဒေါ်လာ ၁၀ သန်းအထိ မြှင့်တင်နိုင်ခဲ့ကြောင်း ၄င်ကပြောသည်။ “အပြန်အလှန် ကုန်သွယ်မှုမြှင့်တင်လာခဲ့ပေမယ့် တခြားအာဆီယံနိုင်ငံတွေနဲ့ ကုန်သွယ်နေတဲ့ မြန်မာရဲ့ကုန်သွယ်မှုပမာဏနဲ့ယှဉ်ရင် နည်းနေပါသေးတယ်။ ဒါကြောင့်ဝန်ကြီးက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့အတွက် သံအမတ်ကြီးကို တောင်းဆိုခဲ့တာပါ” ဟု ၄င်းကပြောသည်၊



ကမ်ပေါ့ငရုတ်ကောင်းဈေးကွက်မြှင့်တင်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Nguon Lay က အာဆီယံအတွင်း ငရုတ်ကောင်းဈေးကွက်သစ်များရှာဖွေနေသော အစိုးရ၏ ကြိုးပမ်းချက်များကို ကြိုဆိုခဲ့သည်။ “အစိုးရက ကမ်ပေါ့ငရုတ်ကောင်းအတွက် မြန်မာနိုင်ငံမှာ ဈေးကွက်သစ်ဖော်ထုတ်ဖို့ ကြိုးပမ်းနေတာကို အလွန်ဝမ်းမြောက်မိပါတယ်။ ဒါက တောင်သူတွေကို အကျိုးဖြစ်ထွန်းစေပါလိမ့်မယ်” ဟု ၄င်းကပြောပြီး အချို့ငရုတ်ကောင်းတောင်သူများမှာ ဝယ်လက်ရှာဖွေရခက်ခဲသဖြင့် ငရုတ်ကောင်းမစိုက်တော့သည်များ ရှိလာကြောင်းဆက်ပြောသည်။

ဥရောပသမဂ္ဂ၏ ထုတ်ကုန်ဇစ်မြစ် အသိအမှတ်ပြုခြင်းခံထားရသော ကမ္ဘောဒီးယားကမ်ပေါ့ငရုတ်ကောင်းအနက် ၅၀ ရာခိုင်နှုန်းကို အီးယူသို့ တင်ပို့နေပြီး ၃၀ ရာခိုင်နှုန်းကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ အခြားပမာဏကို အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် တောင်ကိုရီးယားသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ၂၀၁၇ ခုနှစ်က ရေးထိုးခဲ့သည့်နားလည်မှုစာချွန်လွှာနှင့်အညီ အာရုပစိဖိတ်ရေးရာဦးစီးဌာနက ယခုနှစ်ကုန်သို့မဟုတ် လာမည့်နှစ်ဆန်းပိုင်းတွင် ကမ္ဘောဒီးယားနှင့် မြန်မာအကြား တွေ့ဆုံနိုင်ရေး မြန်မာသံရုံးနှင့် ပူးပေါင်းစီစဉ်ရန် Mr Sokhonn က အကြံပြုခဲ့သည်။

Source:https://www.thefarmermedia.com/news/13996

## အိန္ဒိယက ထပ်တိုးဝယ်မည့်သတင်းကြောင့် မတ်ပဲတစ်တန် ကျပ်နှစ်သိန်းခွဲခန့် ဈေးတက်

ပြည်ပသို့ သင်္ဘောတင်မည့်တန်ချိန်များပြားနေ၍ ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်နေသလို မတ်ပဲတစ်တန်လျှင်လည်း ကျပ်နှစ်သိန်းခွဲခန့် ဈေးတက်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။ ထို့ပြင် အိန္ဒိယအစိုးရက ကိုတာခွဲတမ်းကာလကို ထပ်မံသက်တမ်းတိုးရန်ရှိနေသဖြင့် ပြည်တွင်းပဲဈေးကွက် လှုပ်ခတ်လာခြင်းဖြစ်သည်။ ဘုရင့်နောင်ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်က “လောလောဆယ်တော့ မတ်ပဲအဝယ်လှုပ်နေတယ်။ ပဲစင်းငုံနဲ့ ပဲတီစိမ်းကတော့ ပုံမှန်ပါပဲ။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပတ်ကို တန်ချိန် ၈၀၀၀ လောက် အရောင်းအဝယ်ဖြစ်တယ်။ အခုမတ်ပဲဈေးက ကောင်းလာတော့ ဈေးကွက်ထံ အကြိုက် ဈေးရလာလို့လည်း ထုတ်ရောင်းလာကြတယ်” ဟုပြောသည်။

လက်ရှိ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲအဟောင်း တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၆၀၀ ကြား၊ အခွံချွတ်အလုံးခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၈၃၀ မှ ၈၅၀ ကြား၊ အခွံပါအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၇၂၅ မှ ၇၅၀ ကြား၊ ပဲတီစိမ်းအညာ တစ်တန်လျှင် ကန်ဒေါ်လာ ၇၅၀ မှ ၈၀၀ ကြား၊ ပခုက္ကူတစ်တန်လျှင် ကန်ဒေါ်လာ ၇၈၀ မှ ၈၃၀ ကြား၊ ရွှေဝါအသေး တစ်တန်လျှင် ကန်ဒေါ်လာ ၈၅၀ မှ ၈၇၅ ကြား၊ ရွှေဝါအကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၁၀၀၀ ကြား၊ အခွံပါလုံးသေးအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ပခုက္ကူ ၉၄၀ မှ ၁၀၂၀ ကြား၊ အခွံချွတ်အလုံးကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၀၉၀ ကြားအသီးသီးဈေးရှိနေသည်။ ပဲစင်းငုံအဟောင်းအနီ တစ်တန်လျှင် ကန်ဒေါ်လာ ၆၃၀ မှ ၆၅၀ ကြား၊ အဖြူတစ်တန်လျှင် ကန်ဒေါ်လာ ၅၇၀ မှ ၅၉၀ ကြား၊ ဖြူနီတစ်တန်လျှင် ကန်ဒေါ်လာ ၆၃၀ မှ ၆၅၀ ကြား အသီးသီးဈေးရှိနေသည်။ ကုလားပဲလုံးကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ မှ ၆၃၀ ကြား၊ ပဲလွန်းဖြူ တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၂၀ ကြား၊ မြေထောက်ပဲ တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၉၈၀ ကြား၊ ပဲလွန်းနီ တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၃၀ ကြား၊ ပဲထောပတ် တစ်တန်လျှင် ကန်ဒေါ်လာ ၈၂၅ မှ ၈၅၀ ကြား၊ ပဲယဉ်းတစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀ မှ ၅၈၀ ကြား အသီးသီးရှိနေသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော် ကန်ဒေါ်လာ တစ်ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ထက် တန်ချိန်သုံးသိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှသိရသည်။ “ မတ်ပဲနဲ့ ပဲတီစိမ်းတန်ချိန် နှစ်သိန်းကျော် ပိုမိုတင်ပို့ထားတယ်။ ဈေးနှုန်းကတော့ ကျရင်ကျဈေး၊ တက်ရင်တက်ဈေးအတိုင်းပဲရတော့ ဈေးနှုန်းတည်ငြိမ်တယ် မပြောနိုင်ဘူး” ဟု အဆိုပါဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခင်နှစ်က ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၃၂ သန်းကျော်၊ တန်ဖိုး ကန်ဒေါ်လာ ၈၈၆ သန်းကျော် တင်ပို့ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော်၊ ကန်ဒေါ်လာ တစ်လီလျံကျော်ရရှိထားခြင်းကြောင့် တန်ချိန်သုံးသိန်းကျော်၊ ကန်ဒေါ်လာ သန်း ၁၄၀ ကျော်ပိုမိုရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက“အဓိကအရေးကြီးဆုံးက ပဲလိုအပ်ချက်ရှိဖို့ပါပဲ။ ပဲက အိန္ဒိယတစ်ခုတည်းဝယ်တာမဟုတ်တဲ့အတွက် တခြားနိုင်ငံတွေကတော့ အဝယ်ရှိနေဦးမှာပဲ။ ဒါပေမယ့် အိန္ဒိယကလည်းထပ်ပြီးတော့ လိုအပ်ချက်ရှိလာခဲ့ရင်တော့ တခြားနည်းတွေနဲ့ ဝယ်တာလည်း မြင်ရဦးမှာပါ” ဟု ပြောသည်။ ယခင်ဘဏ္ဍာနှစ်က ပဲတီစိမ်းတန်ချိန် သုံးသိန်းခွဲကျော်၊ ကန်ဒေါ်လာ သန်း ၂၇၀ ကျော်ရရှိထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇၀၀၀၀ ကျော်၊ ကန်ဒေါ်လာသန်း ၃၄၀ ကျော်ရရှိခဲ့ခြင်းကြောင့် ယခင်နှစ်ထက် ကန်ဒေါ်လာ သန်း ၇၀ ကျော် ပိုမိုရရှိခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံတန်ချိန် ၁၈၀၀၀၀ ကျော် တင်ပို့ထားကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀၀၀ ကျော် လျော့နည်းရရှိထားကြောင်း သိရသည်။ ပဲစင်းငုံ ပြည်ပတင်ပို့မှု၏ ၉၁ ရာခိုင်နှုန်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှု၏ ရှစ်ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် ၄၇၀၀၀၀ ကျော်၊ မတ်ပဲ တန်ချိန် ခြောက်သိန်းကျော်၊ ပဲစင်းငုံတန်ချိန် ၁၈၀၀၀၀ ေကျာ်၊ ကုလားပဲတန်ချိန် ၇၀၀၀၀ ကျော်၊ မြေပဲဆန် တန်ချိန် ၇၀၀၀၀ ကျော်၊ ပဲလွန်းဖြူ တန်ချိန် ၅၅၀၀၀ ကျော်၊ မြေထောက်ပဲတန်ချိန် ၂၇၀၀၀ ကျော်၊ ထောပတ်ပဲတန်ချိန် ၂၄၀၀၀ ကျော်၊ ပဲယဉ်း တန်ချိန် ၂၄၀၀၀ ကျော်၊ ဘိုကိတ်ပဲ တန်ချိန် ၁၃၀၀၀ ကျော် စသည်ဖြင့် အသီးသီးတင်ပို့ထားသည်။ မန္တလေးရှိ ဇရာမြေလပ် ပွဲရုံပိုင်ရှင် ဦးကျော်ခန့်က “ ဘဏ္ဍာနှစ်အလိုက် မြေထောက်ပဲ

တင်ပို့မှုနှုန်းက တက်လာတယ်။ မြေထောက်ပဲက လာမယ့်လတွေမှာ စိုက်မှာဆိုတော့ ဈေးကွက်မှာ လက်ကျန်ပြတ်လာတာ ပေါ့ ပြည်တွင်းထွက်ရှိနှုန်းနည်းလို့ ပြည်ပကို လိုသလောက်မပို့နိုင်သေးဘူး”ဟု ပြောသည်။

Source: https://www.thefarmermedia.com/news/14036

## ပြည်ပက သကြားများ တရားမဝင် ဝင်ရောက်ခြင်းကို တားဆီးပေးရန် တောင်သူများ တင်ပြထား

ကြံစိုက်တောင်သူများက ပြည်ပက သကြားများ တရားမဝင် ဝင်ရောက်နေခြင်းကို ထိရောက်စွာ စိစစ်တားဆီးပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံ စာတင်ထားကြောင်းသိရသည်။

ပြည်တွင်း သကြားဈေး ကျဆင်းနေခြင်းကြောင့် ကြံဈေးနှုန်းလိုက်ပါ ကျဆင်း နေရ ခြင်းအပြင် ပြည်ပကတရားမဝင် ဝင်ရောက်နေခြင်းကလည်း အခြေအနေကို ပို၍ဆိုးရွားလာ စေကြောင်း တောင်သူများကဆိုသည်။ မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့နယ်ရှိ ကြံစိုက် တောင်သူ ဦးကိုကိုလတ်က “ သကြားတစ်ပိဿာကို ကျပ် ၉၀၀ အထိ ကျဆင်းနေတယ်။ ဈေးကျဆင်းနေတဲ့အကြောင်းကလည်း ပြည်ပကသကြားတွေ ကိုယ့်တိုင်းပြည် ထဲမှာ မလိုအပ်ဘဲ ဝင်နေတာဖြစ်တယ်။ လိုအပ်သလောက် သွင်းတယ်ဆိုတာတွေကလည်း လိုအပ် သလောက် နည်းနည်းလေးကို များများတွေဝင်နေကြတယ်။ ဒါလေးတွေကို စိစစ်ပေးမှသာ တောင်သူ တွေရဲ့ ကြံလုပ်ငန်း၊ သကြားလုပ်ငန်းတွေဆက်ပြီးတော့ ရပ်တည်နိုင်မယ်။ မဟုတ်ရင်တော့ ကြံတောင်သူတွေ ဘဝပျက်လိမ့် မယ်“ဟု ပြောသည်။ ထိုင်းနိုင်ငံဘက်မှ တရားမဝင်ဝင်လာသည့် သကြားများကို တစ်ပိဿာလျှင် ကျပ် ၇၀၀ ဖြင့် ရောင်းချ လျက်ရှိနေကြောင်း၊ ပြည်တွင်းကထွက်ရှိသည့် သကြားမှာ တစ်ပိဿာလျှင် ကျပ် ၉၀၀ ခန့်သာရှိနေ၍ ဈေးနှုန်း ကွာဟချက် ကြောင့် အခက်အခဲများရှိလာကြောင်း ရောဒွေလီ ကြံစိုက်တောင်သူများအသင်းထံမှ သိရသည်။



စီးပွားကူးသန်းဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က “သကြားတွေ တရားမဝင် တင်သွင်းတဲ့ကိစ္စက လုံးဝကိုမရှိသင့်တဲ့ကိစ္စပါ။ အခုလည်း တရားမဝင် မှောင်ခိုတားဆီးရေး ဗဟိုအဖွဲ့ကြီး ရှိပါတယ်။ မူဆယ် နယ်စပ်မှာက တရားဝင်ကတစ်ပေါက်ပဲရှိတယ်။ တရားမဝင်အပေါက်တွေက အများကြီးပဲ။ မြဝတီဆိုလည်း တစ်ပေါက်ပဲ ရှိတယ်။ ဒါပေမယ့် တရားမဝင် အပေါက်တွေအများကြီးရှိလို့ ဘယ်လိုမှ ထိန်းချုပ်လို့မလွယ်တဲ့ အနေအထားဖြစ်နေတယ်။ ဒါကတော့ တားဆီးရမှာပေါ့။ ကျွန်တော်တို့လည်း လုပ်ရမှာပါ”ဟု ပြောသည်။ “အခုနှစ် ကြံဈေးနှုန်းက အရင်နှစ်တွေထက် အဆမတန် ကျဆင်းနေတယ်။ ဂရိတ်ဝေါသကြားစက်ရုံကနေသကြားတွေ နိုင်ငံခြားကို မရောင်းရတာရယ်၊ ပြည်တွင်းမှာ မရောင်းရတာရယ်ကြောင့် သကြားဈေးတွေ ဆက်တိုက်ကျဆင်းနေတာပါ။ ဒါကြောင့် ဒေသခံတောင်သူတွေဆီကနေ ကြံတွေ ကိုကုမ္ပဏီက ဈေးမြင့်ပေးမဝယ်နိုင်သလိုဖြစ်နေတယ်။ အခုတောင်သူတွေလည်း စားဝတ်နေရေးရော၊ ကလေးတွေရဲ့ ပညာရေး ပါ အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်နေရတယ်”ဟု ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာနေတောင်သူ ဒေါ်စန္ဒာအေးက ပြောသည်။ ကြံတစ်ဧက စိုက်ပျိုးလျှင် ရာသီဥတုကောင်းမွန်ပြီး အောင်မြင်ဖြစ်ထွန်းပါက တန် ၃၀ ကျော်ထွက်ရှိကြောင်း သိရ သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် သကြားတန်ချိန် ငါးသိန်းဝန်းကျင် ထွက်ရှိသည်။ ပြည်တွင်း ကြံရာသီအလိုက် ကြံတစ်တန် ဈေးနှုန်းများမှာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က တစ်တန်လျှင် ကျပ် ၅၀၀၀၀ ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၄၅၀၀၀၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၄၁၅၀၀ နှင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၃၉၀၀၀ နှုန်းဖြင့် ရောင်းချနေရကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။ ပြည်တွင်း ကြံစိုက်တောင်သူများအတွက် သင့်တင့်သည့် ဈေးနှုန်းရောင်းချနိုင်ရေး အတွက် ပြည်ပကတရားမဝင် တင်သွင်းသူ များကို ထိရောက်စွာ အရေးယူပေးရန် လိုအပ်သည်။

Source:https://www.facebook.com/thefarmermedia/photos/a.301081060006087/2517709128343258/?type=3&theater

## ရော်ဘာကဏ္ဍအတွက် အသေးစားခြံများ ဖွံ့ဖြိုးတိုးတက်ရေးအဓိကဆောင်ရွက်ရန်လို

မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ဧက ၂၀ အောက်သာပိုင်သည့် ရော်ဘာခြံငယ်ပိုင်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ရန် အရေးကြီးကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူက ပြောကြားခဲ့သည်။ နိုင်ငံတွင်းရော်ဘာစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းကျော်မှာ စိုက်ဧက ၂၀ အောက်သာရှိသည့် ရော်ဘာခြံငယ်များဖြစ်သည့် အတွက် ကဏ္ဍကြီးတစ်ခုလုံးတိုးတက်ရန် အသေးစားခြံများက အရေးကြီးနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတွင် ပထမဆုံးလက်ခံပြုလုပ်သည့် နိုင်ငံတကာရော်ဘာ

ညီလာခံတွင် ဒေါက်တာအောင်သူက ပြောကြားခြင်းဖြစ်သည်။ ရော်ဘာစိုက်ပျိုးမှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်ဖြစ်ပြီး အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတွင်လည်း စိုက်ပျိုးကြသဖြင့် အပူပိုင်းဒေသများမှလွဲ၍ တစ်နိုင်ငံလုံးလိုလို ရော်ဘာစိုက်ပျိုးကြသည်ကိုတွေ့ရကြောင်း ၎င်းကပြောသည်။ မော်တော်ယာဉ် အသုံးပြုမှု များပြားလာပြီး တာယာလိုအပ်ချက် မြင့်မားလာခြင်းကြောင့် နိုင်ငံတွင်းတာယာ အလုံအလောက် ထုတ်လုပ်နိုင်လျှင် သွင်းကုန်လျှော့ချနိုင်မည့်အပြင် ပြည်တွင်းရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအတွက်လည်း ဈေးကွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိ လာမည်ဖြစ်ကြောင်း ဒေါက်တာအောင်သူက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတကာရော်ဘာအဖွဲ့အစည်းများဖြစ်သည့် သဘာဝရော်ဘာထုတ်လုပ်သောနိုင်ငံများအသင်း (ANRPC)၊ အပြည်ပြည်ဆိုင်ရာရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) စသောအဖွဲ့များသို့ ဝင်ရောက်ခွင့်ရရန် ၂၀၁၂ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် IRRDB အဖွဲ့ဝင်နိုင်ငံဖြစ်လာကြောင်း ပြည်ထောင်စုဝန်ကြီး က ပြောသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိသော ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်း၊ သစ်တောပြုန်းတီးမှု၊ ဇီဝ မျိုးကွဲများဆုံးရှုံးမှု၊ ဂေဟစနစ်ပျက်စီးမှုတို့မဖြစ်သည့် ရေရှည်တည်တံ့နိုင်သော သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရန် ကြိုးပမ်းရန်လည်း လိုအပ်ကြောင်း အကြံပြုပြောကြားသည်။ မြန်မာနိုင်ငံတွင် ၁၉၀၀ ပြည့်နှစ်ခန့်က ရော်ဘာကို စိုက်ဧကတစ်သောင်းခန့်ဖြင့် စီးပွားဖြစ် စတင် စိုက်ပျိုးခဲ့ရာ ၁၉၄၂ ခုနှစ်တွင် စိုက်ဧက ၁ ဒသမ ၁၅ သိန်းဖြစ်လာခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့် ရော်ဘာခြံများ ပျက်စီးခဲ့ရကြောင်း၊ ၁၉၅၆ ခုနှစ်တွင် မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက ရော်ဘာ



လုပ်ငန်းများကို ပြန်လည်ထူထောင် ပြီး ၁၉၆၂ -၆၃ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁ ဒသမ ၈၄ သိန်း အထိ တိုးချဲ့လာနိုင်ခဲ့ကြောင်း၊ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရော်ဘာစိုက်ဧက စုစုပေါင်း ၁ ဒသမ ၆၂ သန်း ခန့်အထိ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

Source: https://www.thefarmermedia.com/news/13964

## ပြည်ပကုန်သွယ်မှုသတင်း

### ထိုင်းက လာမည့်နှစ်တွင် ပြောင်းတန်ချိန် ခြောက်သိန်းခွဲဝယ်ယူရန် ကမ်းလှမ်းထားဟုဆို

ထိုင်းနိုင်ငံက လာမည့်နှစ်တွင် ပြောင်းတန်ချိန် ခြောက်သိန်းခွဲဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ပြောင်း လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ “ ထိုင်းနိုင်ငံရဲ့ ပြောင်းလိုအပ်ချက်တက်လာလို့ ပမာဏတိုးမြှင့်လာတဲ့ သဘောပေါ့” ဟု၎င်းအသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၄၇၀၀၀၀ ကျော် တင်ပို့ခဲ့ပြီး လာမည့်နှစ်တွင် ၎င်းတို့နိုင်ငံ၏ ပြောင်းလိုအပ်ချက် မြင့်တက်လာနိုင်သည့်အတွက် ပြောင်းတန်ချိန် ပမာဏ တိုးမြှင့်ကမ်းလှမ်းလာခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြဝတီ၊ မဲဆောက် နယ်စပ် လမ်းကြောင်းမှ တစ်ဆင့် ပြောင်းကို တရားဝင်တင်ပို့နေခြင်း ဖြစ်သည်။



မြန်မာနိုင်ငံသည် ပြောင်းကို တရုတ်၊ ထိုင်းနှင့် လာအိုနိုင်ငံများသို့ ပုံမှန်တင်ပို့နေသော်လည်း တရုတ် နိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်ကြောင့် တရုတ်သို့ တင်ပို့မှုရပ်နားခဲ့ ရပြီး ယခုအခါ ပြည်တွင်းပြောင်း တင်ပို့မှုမှာ ထိုင်းနိုင်ငံကို အဓိကမှီခိုလာရခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်သို့ပြောင်းတရားဝင်တင်ပို့ခွင့် ရရှိရေးအတွက် တရုတ်နိုင်ငံ၏မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီညှိနှိုင်းထားပြီးဖြစ်သောကြောင့် မကြာမီနှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆို နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင် က ပြောကြားသည်။ “ တရုတ်ကို ပြောင်းတင်ပို့တာနဲ့ပတ်သက်ပြီး လက်မှတ်ထိုးဖို့ ညှိနှိုင်းသွားပြီ။ အဓိကတော့ ပြည်တွင်းထုတ်လုပ်မှု အတိုင်း ဆောင်ရွက်ရမယ့်ကိစ္စတွေကိုဆောင်ရွက်နေတယ်။ ဒါတွေပြီးသွားရင် ပြောင်းကိုတင်ပို့နိုင်တဲ့ အနေအထားဖြစ်လာမယ်”ဟု ၎င်းကပြောသည်။ အလားတူကိုရီးယားနိုင်ငံသို့လည်း ပြောင်းတင်ပို့နိုင်ရေးအတွက် ဆွေးနွေးနေ ကြောင်း သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ ပြောင်းအပါအဝင် ဆန်၊ သကြားတို့မှာ ခွဲတမ်းဖြင့် တင်ပို့ နေရခြင်းဖြစ်ပြီး ၎င်းပမာဏထက် ပိုမိုတင်ပို့လာနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်း ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်းသိရသည်။ Source: the farmer journal

## ဂျပန်နှင့် ကိုရီးယားသို့ ဂျီအေပီနှမ်းတန်ချိန် ၄၀၀ တင်ပို့မည်

ဂျပန်နိုင်ငံသို့ ဂျီအေပီဖြင့် စိုက်ပျိုးထားသော နှမ်းနက်တန် ၃၀၀ နှင့် ကိုရီးယားနိုင်ငံသို့ နှမ်းဖြူ တန် ၁၀၀ တင်ပို့နိုင်ရေးအတွက်နှမ်းစိုက်တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မကွေး)က ဂျပန်နိုင်ငံ သို့တင်ပို့မည့် အောင်ကျွန်းသာကုမ္ပဏီ၊ ကိုရီးယားနိုင်ငံသို့တင်ပို့မည့် ကောင်းကိုကုမ္ပဏီတို့နှင့် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။ အဆိုပါအသင်းက ၎င်းတို့အသင်းဝင်တောင်သူ ၃၀၀၀ ၏နှမ်းများကို စက်တင်ဘာလကုန်မှ စတင်ပြီး မကွေးမြို့ပေါ်ပေါက် ဈေးထက် နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၅၀၀ ၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၀၀၀ ပိုပေးကာဝယ်ယူ နေသည်။ အောက်တိုဘာ ၉ ရက်အထိ နှမ်းဖြူတင်းပေါင်း ၁၈၀၀ ခန့်နှင့် နှမ်းနက်တင်းပေါင်း၁၂၀၀ ခန့် ဝယ်ပြီးဖြစ်ကြောင်း သိရသည်။ “နှမ်းနက်ကို အဖွဲ့ဝင်တွေထံက လက်ခံဝယ်ယူပြီး တခြားကလာရောင်းတဲ့ သူကို နှမ်းဖြူဆိုရင် လက်ခံဝယ်ယူပါတယ်။ အဖွဲ့ဝင်မဟုတ်သူကိုတော့ ကျွန်တော်တို့က အပိုဆောင်း မပေးပါဘူး။ အက်စစ်တော့တိုင်းတယ်။ ပွဲခတော့ မယူပါဘူး”ဟု ဦးကျော်ဦးက ပြောသည်။ အဆိုပါ စုပေါင်းရောင်းဝယ်ရေးအသင်းကို မကွေးမြို့၊ မြို့ပတ်လမ်းအရှေ့ဘက်၊ ပညာစက္ကာရာမ ကျောင်းတိုက်ရှေ့ရှိခြံတွင် ဝယ်ယူ နိုင်ရန်ဖွင့်လှစ်ထားသည်။ အဆိုပါအဖွဲ့သည် တောင်သူအခြေပြု အဖွဲ့အစည်းဖြစ်၍ သဲပါလာသည့် နှမ်းကို သဲချအနေဖြင့် တစ်တင်းလျှင် ကျပ် ၁၀၀ သာ ပေးရပြီး ပွဲစား၊ အလုပ်သမား ဝန်ဆောင်ခ၊ အလျော့တွက် မယူဘဲ လာရောက်ရောင်းချသော တောင်သူများ၏ GAP နှမ်း အရည်အသွေးအလိုက် အဆင့်ခွဲခြား သတ်မှတ် ဝယ်ယူကြောင်း သိရ သည်။



မကွေးမြို့နယ်၊ သပြေစမ်းကျေးရွာက မြန်မာ့နှမ်းစိုက်တောင်သူများ အသင်းဝင် ဦးကျော်မင်းနိုင်က “ငွေးတောက်စမ်း ရွာနားက နှမ်းကုန်ချောထုတ်စက်ရုံက ပေါက်ဈေးထက် ကျပ်နှစ်ထောင်ပိုပေးတယ်။ ဒီနှစ်တော့ သိပ်အဆင်မပြေပါဘူး။ သူတို့က ကုန်သည်ကို ကာလာခွဲပြီးတော့ ဝယ်ပေးတဲ့ ပုံစံဖြစ်နေတယ်။ နောက်ပြီးတော့ GAP နဲ့စိုက်ရတဲ့နှမ်းကို ဒီလောက်လေး ကွာထားတယ်ဆိုတော့ တောင်သူတွေအနေနဲ့ အဆင်မပြေဘူးဖြစ်ကြတယ်။ အနည်းဆုံး ကျပ်ငါးထောင်လောက်တော့ ပိုပေး သင့်တယ်“ဟု ပြောသည်။ စက်ရုံသို့ တောင်သူများ နှမ်းကုန်ကြမ်း ရောင်းချသည့်အခါ လက်ရှိကာလ ပေါက်ဈေးထက် ကျပ် ၂၀၀၀ ပိုပေးသော်လည်း စက်ရုံရှိ ကာလာခွဲစက်နှင့် ကာလာခွဲသည့်အခါ အခကြေးငွေအဖြစ် ကျပ် ၂၅၀၀ တောင်သူက အကုန်အကျခံရသည်။ နှမ်းရောင်းချရန် သယ်ယူစရိတ်အဖြစ် နှမ်းတစ်တင်းလျှင် ကားခကျပ်ငါးရာ ကုန်ကျပြီး စက်ရုံက နှမ်းကို မကြိုက်ပါက ပြန်သယ်ရသည့်အခါ စရိတ်ထပ်မံ ကုန်ကျသဖြင့် မြို့ပေါ်ရှိ ပွဲရုံများတွင် ရောင်းချကြကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီးအတွင်း နှစ်စဉ်ဆီထွက်သီးနှံအဖြစ် နှမ်းစိုက်ဧက ၁ ဒသမ ၁ သန်းကျော်ရှိပြီး မြေပဲစိုက်ဧက ငါးသိန်းကျော် စုစုပေါင်း ဧက ၁ ဒသမ ၇သန်း ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

http://htwettoe.com/article-details/news/8055498

## အိန္ဒိယက ကြက်သွန်ဈေးထိန်းချုပ်ရန် တင်ပို့မှုကို ပိတ်ပင်

အိန္ဒိယအစိုးရသည် ဇူလိုင်လနောက်ပိုင်းဈေးနှစ်ဆမြင့်တက်လာသော ကြက်သွန်ဈေးကို ထိန်းချုပ်ရန် ကြက်သွန်မျိုးအစားအားလုံး တင်ပို့မှုကို တနင်္ဂနွေနေ့က စတင်၍ပိတ်ပင်လိုက်သည်။ ထို့ပြင် ကြက်သွန်သိုလှောင်ထားသူများ ကုန်ထုတ်ရောင်းရေးနှင့် ကြက်သွန်သိုလှောင်မှုတားဆီးရေးအတွက် ကုန်သည်များ၏ ကြက်သွန်သိုလှောင်ခွင့်ပမာဏကိုလည်း ကန့်သတ်လိုက်သည်။ ယခုအခါ လက်လီကုန်သည်များသည် ကြက်သွန်ကိုအများဆုံး ကွင်တယ် ၁၀၀ အထိသာ သိုလှောင်နိုင်ပြီး လက်ကား ကုန်သည်များ၏ အများဆုံးသိုလှောင်ခွင့်ပမာဏကို ကွင်တယ် ၅၀၀ အထိသာ ခွင့်ပြုထားသည်။ ယခင်က ဗဟိုအစိုးရက ကုန်စည်သိုလှောင်မှုကန့်သတ်မှုခွင့်ကို ပြည်နယ်အစိုးရများကို အာဏာလွှဲအပ်ထားခဲ့သော်လည်း ယခုအခါ ဗဟိုအစိုးရ ကိုယ်တိုင်ကန့်သတ်ချက်များ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးဌာနသည် ကြက်သွန်တင်ပို့မှု မူဝါဒကို ပြုပြင်ခဲ့ပြီး လွတ်လပ်စွာတင်ပို့ခွင့်ပြု ထားရာက ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ အိန္ဒိယသည် ၂၀၁၈–၂၀၁၉ ရာသီက လတ်ဆတ်ကြက်သွန်နှင့် အအေးခံကြက်သွန် ကန်ဒေါ်လာ ၄၉၆ ဒသမ ၈၂ သန်းဖိုးတင်ပို့ခဲ့သည်။ ၂၀၁၉–၂၀၂၀ ရာသီပထမလေးလတွင် တင်ပို့မှုတန်ဖိုး ဒေါ်လာ ၁၅၄ ဒသမ ၅ သန်းရှိထားသည်။ “ အပေါ်မှာ ဖော်ပြထားသလို ကြက်သွန်အမျိုးအစားအားလုံး တင်ပို့မှုကို ချက်ချင်းအကျိုးသက်ရောက်မှုဖြင့် ပိတ်ပင်လိုက်ပါတယ်”ဟု နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနက အမိန့်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့အတွင်းဝန်၊ ဝန်ကြီးချုပ်၏ အကြံပေးအပြင် စားသုံးသူရေးရာဝန်ကြီးဌာန၊ စားနပ်ရိက္ခာနှင့်အများပြည်သူဖြန့်ချိရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် အစည်းအဝေးအကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ပို့ကုန်ပိတ်ပင်မှုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုပိတ်ပင်မှုကြောင့် ပြည်တွင်း၌ ကြက်သွန်ရောင်း လိုအားတိုးတက်လာပြီး

ဈေးနှုန်းလျော့ကျ လာမည်ဟု မျှော်လင့်ထားသည်။ အစိုးရသည် ကုန်သည်များ ကြက်သွန်သိုလှောင်မှုပြုလုပ်ခြင်းက ကာကွယ်နိုင်ရန် ဝင်ရောက်ရှာဖွေစီးနင်းခြင်း အပါ အဝင် တင်းကျပ်သောအရေးယူမှုများပြုလုပ်ရန် ပြည်နယ်များသို့ ညွှန်ကြားထားသည်။ NAFED အဖွဲ့က ဝယ်ယူသိုမှီး ထားသော ကြက်သွန်တန် ၅၆၇၀၀ ကို ဒေလီမြို့၌ တစ်ကီလိုလျှင် ၂၃ ဒသမ ၉ ရူပီးနှုန်းဖြင့် ထုတ်ပြန်ရောင်းချပေးလျက်ရှိသည်။ “ကြက်သွန်ဈေးဟာ အထူးသဖြင့် ပြီးခဲ့တဲ့နှစ်ပတ်လောက်အတွင်း မြင့်တက်လာပါတယ်။ ဒါကြောင့် ဒီပိတ်ပင်မှုဟာ လိုအပ်ပါတယ်။ ကြက်သွန်ဝယ်လိုအားက တစ်နှစ်တာရဲ့ ဒီလိုအချိန်မှာဆိုရင် ကျဆင်းလေ့ရှိပါတယ်”ဟု တာဝန်ရှိသူတစ်ဦး တနင်္ဂနွေနေ့တွင် စတင်၍ ကိုးရက်တာကြာမြင့်မည့် ဟိန္ဒူဘာသာရေးပွဲတော်ကို ရည်ညွှန်းပြောကြားသည်။ အစိုးရသည် ပြီးခဲ့သည့်နှစ်ပတ်အကြာက ကြက်သွန်ပို့ကုန်အခြေခံဈေးနှုန်းကို တစ်တန်လျှင် ဒေါ်လာ ၈၅၀ သို့ တိုးမြှင့်သတ်မှတ်၍ ပို့ကိုထိန်းချုပ်ပြီး ပြည်တွင်းဈေးနှုန်းထိန်းချုပ်ရန် ကြိုးစားခဲ့သည်။ အရေးပါသည့် မီးဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်၏ လက်လီဈေးသည် လွန်ခဲ့သည့်ခြောက်လက တစ်ကီလိုလျှင် ၁၂-၁၅ ရူပီးသာ ရှိခဲ့ရာမှ ရူပီး ၇၀-၈၀ အထိ မြင့်တက်လာခဲ့ပြီး လက်ကားဈေးမှာ တစ်ကီလို ရူပီး ၄၀-၅၀ သို့ရောက်ရှိခဲ့သည်။

Source: https://www.thefarmermedia.com/news/13957

## မြန်မာ့ကော်ဖီဈေးကွက် ဥရောပဈေးကွက်သို့ တိုးချဲ့တင်ပို့မည်

မြန်မာနိုင်ငံက ကော်ဖီများကို အမေရိကန် ဈေးကွက်အပြင် ဥရောပ ဈေးကွက်အထိ တိုးချဲ့တင်ပို့ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း ဥက္ကဋ္ဌ ဦးမျိုးအေးကပြောသည်။ မြန်မာ့ ကော်ဖီကို ယခင်က မိရိုးဖလာနည်းဖြင့် စိုက်ပျိုးခဲ့ကြပြီး ၂၀၁၄ ခုနှစ်ကစပြီး နည်းပညာ၊ စက်ပစ္စည်း၊ စိုက်ပျိုးနည်း၊ အရည်အသွေး ဆန်းစစ်နည်းပညာများကို နိုင်ငံတကာ အဖွဲ့များ၏ အကူအညီဖြင့် ပြောင်းလဲ စိုက်ပျိုးခဲ့ကြောင်း၊ ကမ္ဘာ့ အထူးတန်းဝင် ကော်ဖီအရည်အသွေးဖြစ်လာပြီး အမေရိကန်ဈေးကွက်ကို တင်ပို့လျက်ရှိရာက ဈေးကွက် ဆက်လက်ချဲ့ထွင်ရန် စီစဉ်နေကြောင်း ဦးမျိုးအေးက ပြောသည်။ “မြန်မာ့ကော်ဖီစိုက်ပျိုးမှုက သက်တမ်းကြာနေပါပြီ။ ပုံမှန်မိရိုးဖလာစိုက်ပျိုးမှုကြောင့် အရည်အသွေးလိုအပ်ချက်တွေရှိနေရာကနေ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်ကနေ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့တွေကနေ နည်းပညာတွေ၊ သင်တန်းတွေ။ စက်ကိရိယာ တွေ၊ စိုက်ပျိုးနည်း၊ နောက်ကော်ဖီအရည်အသွေး ထိန်းသိမ်းနည်းတွေ သင်ကြားပေးတဲ့အပြင် ဈေးကွက်ဆက်သွယ်ပြီး အမေရိကန်နိုင်ငံကို တင်ပို့ရောင်းချခဲ့ပါတယ်။ မြန်မာ့ကော်ဖီကလည်း အထူး တန်းဝင် ကော်ဖီ မှာ အရည်အသွေးအကောင်းဆုံးကော်ဖီစာရင်းထဲ ဝင်ပါတယ်။ ဆက်လက်ပြီး ဥရောပဈေးကွက်ကိုပါချဲ့ထွင်ဖို့ ဆောင်ရွက်နေပါတယ်။ ဂျပန်နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့တွေဆီ ကနေ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဖို့နဲ့ အသေးစား၊ အလတ်စား ချေးငွေတွေအတွက် ဆွေးနွေးမှုတွေ လုပ်နေပါတယ်။ ဂျပန် ဈေးကွက်ကိုလည်း လက်ရှိမှာတင်ပို့ ရောင်းနေတာရှိပေမယ့် အရေအတွက် နည်းပါးနေပါသေးတယ်။ ထပ်ပြီးပမာဏ များများ တင်ပို့ရောင်းချနိုင်အောင် ကြိုးစားနေပါ တယ်”ဟု ၎င်းကပြောသည်။ ကော်ဖီသောက်သုံးမှုမှာ ပြည်တွင်းနှင့်ပြည်ပမှာပါ မြင့်တက်လာပြီး ဈေးကွက် ကျယ်ပြန့်လာကြောင်း၊ လက်ရှိတွင် ဟောင်ကောင်၊ စင်ကာပူနှင့် အမေရိကန်နိုင်ငံတို့ကို တင်ပို့ နေကြောင်း သိရသည်။



ကော်ဖီ ဈေးကွက် ဆက်လက်ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံတကာပြပွဲများသို့ သွားရောက်ပြသရန် လိုအပ်ကြောင်း မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုက်တွန်းသည်။ “ကော်ဖီသီးနှံက နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနိုင်တဲ့ စက်မှုသီးနှံတစ်ခုဖြစ်ပါတယ်။ ဒီလိုကော်ဖီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေစုပေါင်းပြီး ကော်ဖီကဏ္ဍမြှင့်တင်နိုင်ဖို့ အရေးကြီးပါတယ်။ ဆွေးနွေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပွဲတော်တွေ၊ ပြပွဲတွေကနေ ရလဒ်ကောင်းတွေရဖို့ လိုပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီက နာမည်ရလာတဲ့ စက်မှုသီးနှံတစ်ခု ဖြစ်လာပါတယ်“ဟု ၎င်းက ပြောသည်။

မြန်မာ့ကော်ဖီအရည်အသွေး မြှင့်တင်ရန်နှင့် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်အဖြစ်ပြုလုပ်သည့် ကော်ဖီပွဲတော်တွင် ဝန်ကြီးချုပ်က ပြောကြားခြင်း ဖြစ်သည်။ အဆိုပါ ပွဲတော်ကို အောက်တိုဘာ ၇ ရက်က မန္တလေးမြို့၊ မန္တလာသီရိ အားကစားကွင်းအတွင်း၌ ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အာရေဗီကားနှင့် ရိုဘတ်စတာ ကော်ဖီများကို ဧက ငါးသောင်းခန့် စိုက်ပျိုးထားပြီး ကော်ဖီနှင့်ဆက်စပ်သည့် လုပ်ငန်းလုပ်ကိုင်နေသူ တောင်သူနှင့် လုပ်ငန်းရှင် ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။ Source: http://htwettoe.com/article-details/news/8049504

## အုန်းသီးဈေး ပြန်ကောင်းလာ၍ ထိုင်းသို့ပို့မည်

ထိုင်းနိုင်ငံတွင် အုန်းသီးဈေး ပြန်လည်ကောင်းလာသောကြောင့် မြန်မာ့အုန်းသီးများတင်ပို့မည်ဟု မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမျိုးဝင်းက ပြောသည်။ ''ပြီးခဲ့တဲ့နှစ်မှာ ကုန်သည်တွေက မူဆယ် ဘက်ကိုပဲ တင်ပို့ကြပါတယ်။ ဒီနှစ် ဈေးပြန်ကောင်းလာလို့ ပြန်ပြီး တင်ပို့ဖြစ်တာပါ။ အုန်းသီးဈေးနှုန်းနဲ့ တင်ပို့ရမယ့် တန်ချိန်ကိုတော့

ညှိနှိုင်းနေတုန်းပါ။ နောက်လမှာ အပြီးသတ် စာချုပ်ချုပ်ဆိုမှာ ပါ''ဟု ၄င်းက ပြောသည်။ လက်ရှိတွင် အုန်းသီးခြောက် တစ်လုံးလျှင် ထိုင်းဘတ်ငွေ ၂၀ ခန့် ပေါက်ဈေးရှိနေပြီး ၂၀၁၈ ခုနှစ်က ထိုင်းဘတ်ငွေ ၁၀ ဘတ်မှ ၁၅ ဘတ်အထိသာ ပေါက်ဈေးရှိခဲ့သည်။ ပြည်တွင်းတွင် အုန်းသီးခြောက် လက်လီ ပေါက်ဈေးမှာ ကျပ် ၅၀၀ မှ ကျပ် ၈၀၀ အထိ ပေါက်ဈေးရှိ နေသည်။

ထိုင်းသို့ အုန်းသီးတင်ပို့ရန် စာချုပ်ကို နိုဝင်ဘာလတွင် ချုပ်ဆိုမည်ဖြစ်ပြီး မေလအထိ တင်ပို့မည်ဟု ၄င်းကပြောသည်။ ပြည်တွင်း အုန်းသီးထွက်ရှိမှုနည်းပါးသဖြင့် ပြည်ပသို့တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုရာတွင် ကာလတို သတ်မှတ်ချက်ဖြင့်သာ စာချုပ်ချုပ်ဆိုနိုင်မည် ဖြစ် ကြောင်းလည်း ၄င်းက ပြောသည်။ အုန်းသီးကို ၂၀၁၅ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချမှုများ ပြုလုပ်ခဲ့သည်။ အသင်းအနေဖြင့် စာရင်းအတိအကျ ကောက်ယူထားမှုမရှိသော်လည်း ပြည်တွင်း အုန်းသီးစိမ်းသောက်သုံးမှု များပြားလာသဖြင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက အုန်းသီးစိမ်းရောင်းချရမှုမှာ နှစ်ဆခန့်တိုးမြင့်လာနိုင်ကြောင်း ဦးမျိုးဝင်းက သုံးသပ် သည်။

မြန်မာနိုင်ငံတွင် အုန်းသီးအထွက်နှုန်း လျော့လာသဖြင့် မျိုးကောင်းမျိုးသန့် အုန်းသီးမျိုးများ စိုက်ပျိုးနိုင်ရန် အုန်းသီးအစုအဖွဲ့က တောင်သူများကိုစည်းရုံးပညာပေးမှုများ လုပ်ဆောင်နေကြောင်း ဦးမျိုးဝင်းကဆိုသည်။ မြန်မာနိုင်ငံတွင် အုန်းသီးစိုက်ဧက ၁၃၀,၀၀၀ ကျော်ရှိပြီး အုန်းသီးဆွတ်ခူးနိုင်ပြီဖြစ်သည့် အုန်းသီးစိုက်ဧကမှာ တစ်သိန်းကျော်ရှိကြောင်း အသင်း၏စာရင်းများတွင် ဖော်ပြထားသည်။ စိုက်ပျိုးသည့် အုန်းသီးအမျိုးအစား၊ ပြုပြင်ထိန်းသိမ်းမှုပေါ်မူတည်၍ တစ်ဧကလျှင် အုန်းသီး အလုံးရေ ၁,၀၀၀ ကျော်မှ ၅,၀၀၀ ကျော်အထိ ထွက်ရှိပြီး အုန်းသီးထွက်ရှိမှု အများဆုံးဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး အုန်းသီးထွက်ရှိမှု အနည်းဆုံး ဒေသမှာ ကယားပြည်နယ်ဖြစ်သည်။



Source: https://myanmar.mmtimes.com/news/129424.html

## အထူးဆောင်းပါးများ

### ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်နေသော ထန်းတက်လုပ်ငန်းခွင်

မြန်မာပြည်တွင်းက လူငယ်၊ လူရွယ်အများအပြားသည် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်နေခြင်းများလာသည်။ နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းဝန်းကျင် ပြည်ပတွင်သွားရောက် အလုပ်လုပ်ကိုင်ပြီး ပြည်တွင်းသို့ လုပ်အားခမှ စုဆောင်းရငွေများကိုပြန်လည်လွှဲပို့ခြင်းများ ရှိလာသည်။ ကျေးလက်တောရွာများမှ လူငယ်၊ လူရွယ်များသည် မိမိတို့ဒေသများရှိလယ်ယာလုပ်ငန်းခွင်များကိုစွန့်ခွာ၍ ဝင်ငွေပိုမိုရရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မှုရှိလာသည်။ ပြည်တွင်းလယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ တွင် လုပ်သား အင်အားရှားပါးလာမှု ရှိလာသည်။ ပြည်တွင်း၌ လုပ်အားခနှုန်းထားများ မြင့်တက်လာသည်။ သီးနှံစိုက်ပျိုးရေးများအနက် အဓိကကျသော စပါးစိုက်ပျိုးရာတွင် လူအင်အားသုံး စပါးစိုက်ခင်းများအစား ကြဲခင်းများအဖြစ်ပြောင်းလဲအသုံးပြု လုပ်ကိုင်လာကြသည်။ ရိတ်သိမ်းချိန်တွင်လည်း စက်အားဖြင့် ရိတ်သိမ်းခြွေလှေ့ အခြောက်ခံ မှုများ ရှိလာကြသည်။ စိုက်ပျိုးရေး လုပ်ငန်းများကဲ့သို့ အထက်အညာဒေသများရှိ ထန်းတက်လုပ်ငန်းခွင်များတွင် ဝင်ငွေနည်းခြင်း၊ ပင်ပန်းခြင်းတို့ကြောင့် ထန်းတက်လုပ်ငန်းအစား ပြည်ပသို့သွားရောက် လုပ်ကိုင်ခြင်းများ ကြုံတွေ့လာရသည်။

ထန်းလျက်ဈေးနှုန်းအနိမ့်တွင် ရှိနေခဲ့ချိန် ထန်းတက်လုပ်သားများ၏ ဝင်ငွေနည်းခြင်း၊ အပင်တက်လုပ်ငန်းဖြစ်၍ သက်စွန့်ဆံဖျားလုပ်ကိုင်ရခြင်း၊ ထန်းလျက် ချက်လုပ်ရန် လောင်စာများ ရှားပါးခြင်း တို့ကြောင့် အညာဒေသတွင် ထန်းတက်သူ ရှားပါးလာခဲ့သည်။ ယခင်က ထန်းတောပိုင်ရှင်များထံ ထန်းတက်လုပ်သားများ အနေဖြင့် ထန်းတက်ခွင့် လာရောက်တောင်းခံခဲ့ရသည်။ ယခုကာလတွင်မူ ထန်းတောပိုင်ရှင်များ အနေဖြင့် ထန်းတက်လုပ်ငန်း လုပ်ကိုင် မည့်သူများကို ရှာဖွေကာ ကြိုတင်ငွေ ကျပ်နှစ်သိန်း ဝန်းကျင် ထုတ်ပေးရသည်အထိ အနေအထားပြောင်းလဲလာခဲ့သည်။ အချို့ဒေသများတွင် ထန်းတက်သူမရှိ၍ ထန်းပင်အချို့ ထန်းရည်ခံခြင်း မရှိဘဲပစ်ထားရသည်။ ထန်းပင်များပေါ်တွင် ရှင်းလင်းနိုင်ခြင်းမရှိ၍ ကြွက်သိုက်များ ရှိလာကြသည်။ အချို့ဒေသများတွင် ထန်းပင်များကို သစ်အစားထိုးအသုံးပြုရန် ခုတ်လှဲရောင်းချခြင်းများ ရှိလာသည်။ အညာဒေသ၏ သင်္ကေတသဖွယ်ဖြစ်နေသော ထန်းတောများနှစ်အနည်းငယ်အတွင်း ပျောက်ကွယ်သွားမည်ကို စိုးရိမ်လာရသည်။

သို့ဖြစ်ရာထန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်ခြင်း ယခုနှစ်များတွင် ရှိလာသည်။ ထန်းပင်ပေါက်များ သောင်းဂဏန်းပြန်လည်စိုက်ပျိုးသည့်သတင်းများ ထွက်ပေါ်လာသည်။၂၀၀၈ ခုနှစ်အတွင်း ထန်းလျက်တစ်ပိဿာ ကျပ် ၅၀၀ ဝန်းကျင်၊ ၂၀၀၉ ခုနှစ်တွင်ကျပ် ၆၀၀ ဝန်းကျင်၊ ၂၀၁၀ ပြည့်နှစ်တွင် ကျပ် ၈၀၀-၉၀၀ ဝန်းကျင်သာ ဈေးနှုန်းရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ဈေးနှုန်း အနိမ့်တွင် ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကာလတွင်မူ ပြည်တွင်းထန်းလျက်ဈေးနှုန်းသည် အမြင့်တွင်ရှိလာခဲ့သည်။ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်တွင် ညောင်ဦးဆေးခတ်

ထန်းလျက် လက်ကားတစ်ပိဿာ ကျပ် ၁၆၇၀-၁၇၀၀၊ ပခုက္ကူထန်းကြမ်း ကျပ် ၁၇၀၀၊ရေစကြိုဝမ်းဖြူ ကျပ် ၁၇၇၅-၁၈၀၀ ၊ မလိုင်ထန်း ကျပ် ၁၇၀၀ အထိ ဈေးမြင့်လာခဲ့သည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂ ရက် တွင် ညောင်ဦးဆေးခတ်ထန်းလျက် လက်ကား တစ်ပိဿာ (ထိပ်စ) ကျပ် ၁၇၀၀-၁၇၅၀၊ မလိုင်ဝဲထန်း ကျပ် ၁၅၉၀၊ ပခုက္ကူ ထန်းကြမ်း ကျပ် ၁၆၀၀၊ ရေစကြို ဝမ်းဖြူ ကျပ် ၁၆၅၀-၁၇၅၀ နှုန်းအထိ ဈေးနှုန်းတွင်ရှိနေသည်။

သို့သော် သကြားဈေးနှုန်းမှာ လက်ကားတစ်ပိဿာ ကျပ် ၉၅၀ ဝန်းကျင်သာ ရှိနေသည်။ ပြည်တွင်း၌ ထွက်ရှိသော သကြားတန်ချိန်မှာ ပြည်တွင်းစားသုံးရန်လုံလောက်နေသည်ဟုသိရသည်။ သို့သော် Re Export သကြားများအဖြစ် ပြည်ပ နိုင်ငံစုံက သကြားများကို ၂၀၁၆ ခုနှစ်တွင် တင်သွင်းခွင့်ပြုပြီး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မှုများ ရှိလာသည်။ ၎င်းဖြစ်စဉ်ကြောင့် ပြည်တွင်းသကြားဈေးနှုန်းမှာ ၎င်းကာလများတွင် တစ်ပိဿာ ကျပ် ၁၅၀၀ ဝန်းကျင် ရှိလာသည်။ ပြည်ပက Re Export သကြား တင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ်တွင် သုံးလတာခွင့်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တင်သွင်းမှု မရှိဟု သိရသည်။ သို့သော် ပြည်တွင်းသို့ ရောက်ရှိနေသော ပြည်ပသကြားများမှာ မူဆယ်နယ်စပ်တွင် တစ်ဖက်နိုင်ငံသို့ တင်ပို့ခွင့် အခက်အခဲ ရှိသဖြင့် သကြားအိတ်ရေ သိန်းဂဏန်းချီ၍ စုပုံနေသည်မှာ ကာလအတန်ကြာရှိလာသည်။ ပြည်တွင်း၌လည်း ပြည်ပသကြား များ လက်ကျန် များနေရာ အစိုပြန်မှုများ ရှိလာသည်။ ၎င်းအစိုပြန်သကြားများမှာ ပြည်တွင်းဈေးကွက်တွင် တစ်ပိဿာကျပ် ၉၀၀ အောက်တွင် ရောင်းချမှုရှိလာသည်။

ပြည်တွင်းသကြားဈေးကွက်သို့ နယ်စပ်မှ တရားမဝင် ဝင်ရောက်နေသော သကြားများလည်းရှိနေရာ ပြည်တွင်း သကြားဈေးနှုန်းမှာ ကျပ် ၁၀၀၀ အောက်သို့ ကျဆင်းလာခဲ့သည်။ သို့ဖြစ်ရာ ကြံစိုက်ပျိုးသူများအတွက် ကြံဈေးနှုန်းများ ကျဆင်းလာရသည်။သကြားဈေးနှုန်းသည် ထန်းလျက်ဈေးနှုန်းထက် များစွာဈေးနိမ့်နေသဖြင့် ပြည်တွင်းထန်းလျက်ဈေးကွက် တွင် သကြားမှအသွင်ပြောင်း ထန်းလျက်များ ချက်လုပ်ရောင်းဝယ်မှု များပြား နေဆဲရှိသည်။ ၎င်းသကြားရော ထန်းလျက် ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၁၃၀၀ ဝန်းကျင် ရှိသည်။ပြည်တွင်း ထန်းလျက်ဈေးကွက်တွင် ထန်းလျက်ချက်လုပ်ရန် ထန်းရည် သည် အဓိကကုန်ကြမ်းဖြစ်သကဲ့သို့ သကြားသည်လည်းထန်းလျက်ပြုလုပ်ရန် ကုန်ကြမ်းသဖွယ်ဖြစ်နေသည်မှာ နှစ်အနည်းငယ် ရှိနေသည်ဟု ထန်းလျက်အဝယ်တော်အချို့ကပြောသည်။

သို့သော် ထန်းလျက်အစစ်နှင့် သကြားရောထန်းလျက်တို့မှာ အရသာသိသာစွာ ကွဲပြားမှုရှိသည်ဟု စားသုံးသူအချို့က ပြောသည်။အထက်အညာ ဒေသတွင်သာမက မြစ်ဝကျွန်းပေါ်ဒေသ အထက်ပိုင်းမြန်အောင် ဒေသတို့တွင် ထန်းတောများ ပေါများစွာရှိသည်။ မြန်အောင်ဒေသမှ မကျည်းတောင့်ထန်းလျက် ထွက်ရှိမှုရှိသည်။ ထန်းတက်သမား ထန်းတက်ခံယူလာသော ထန်းရည်အိုးများကို ထန်းတက်သမားမိသားစုက ထန်းလျက် ချက်သည်။ ထိုသို့ ထန်းလျက်ချက်ရာတွင် လောင်စာရှားပါးခြင်း၊ ဈေးကြီးခြင်းတို့သည် ထန်းလောကအတွက် အခက်အခဲဖြစ်သည်။ ပဲစင်းငုံရိုးများ၊ အခြားလောင်စာအဖြစ် အသုံးပြု၍ရမည့် အပင်ခြောက်များကို ကြိုတင် စုဆောင်းထားရသည်။ ယခုနှစ်ပိုင်း ကာလများတွင် ထန်းလျက်ဈေးနှုန်းများသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီ နှစ်များထက် တစ်ဆဝန်းကျင် ဈေးနှုန်းမြင့်တက်လာသဖြင့် ထန်းတက်သမား ဝင်ငွေပိုလာသည်ဟု ဆိုနိုင် သည်။ ထန်းရည်အသုံးပြု၍ အခြားအဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် စမ်းသပ်လုပ်ဆောင်နေခြင်းများ ယခုအခါရှိလာ သည်။ ထန်းတက်လုပ်သားများ၏ မျိုးဆက်သစ် လူငယ်များသည် မိရိုးဖလာ ထန်းတက်လုပ်ငန်းကို စိတ်ဝင်စားမှု နည်းလာပြီး ဝင်ငွေပိုရသော ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်ခြင်း များပြားလာသည်။

ယခုအခါ ထန်းလျက်ဈေးနှုန်း မြင့်တက်လာခြင်း၊ ထန်းရည်ကို မိရိုးဖလာ ထန်းလျက်ချက်ခြင်းသာမက တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲလုပ်ကိုင်ရန် ဆောင်ရွက်နေခြင်းတို့သည် မျိုးပြုန်းလာနိုင်သော ထန်းတောများကို ကာကွယ်ခြင်း သာမက လက်ရှိတွေ့ကြုံနေရသော ထန်းတက်လုပ်သား ရှားပါးလာခြင်းကိုလည်း တစ်ဖက် တစ်လမ်းက လျော့ကျစေနိုင်မည်။ သို့ဖြစ်ရာ အထက်အညာဒေသရှိ ထန်းတောများ၏ အနာဂတ်အတွက် ရောင်ခြည်သန်းလာပြီဟု ဆိုနိုင်သည်။ မြန်မာ့ရိုးရာ အစားအစာများတွင် ထန်းလျက်ကိုမရှိမဖြစ်အသုံးပြုနေရာ သကြားရောထန်းလျက်များအစား ထန်းလျက်အစစ်များ အသုံးပြု နိုင်ရန် လိုအပ်နေသည်။ ထန်းတောများကို အမှီသဟဲပြု၍ အသက်မွေးဝမ်းကျောင်းပြုနေသူများအနေဖြင့် ထန်းလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက် မြင့်မားလာပါက ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်အစား အိုးမကွာ၊ အိမ်မကွာ မိမိမိသားစုနှင့်အတူ နေထိုင်လုပ်ကိုင်မှု များ များပြားနိုင်သည်။ သို့ဖြစ်ရာ အထက်အညာဒေသ ထန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ထန်းတောများ မပြုန်းတီးရေး၊ ထန်းတက်လုပ်ငန်းကို စိတ်ဝင်စားလုပ်ကိုင်မှု များပြားရေးတို့ကို ဝိုင်းဝန်းလုပ်ဆောင်ပေးရန် အထူးလိုအပ် နေသည်။

Source:[http://htwettoe.com/article-details/news/8029425](http://htwettoe.com/article-details/news/8029425)

# ကုန်သွယ်မှုအခြေအနေ

## ၂၀၁၉၊ အောက်တိုဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 52420681.043 | 325.412 | | 1 | ရေနံထွက်ပစ္စည်းများ | 209.708 |
| 2 | ကျောက်စိမ်း | | 1252.961 | 244.818 | | 2 | ချည်ထည်များ | 88.627 |
| 3 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 27172.669 | 82.913 | | 3 | စက်နှင့်စက်ပစ္စည်းများ | 78.670 |
| 4 | ဆန် | မတန် | 154477.600 | 47.432 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 78.631 |
| 5 | ငါး | မတန် | 39779.827 | 44.144 | | 5 | တယ်လီဖုန်းနှင့်ဆက်သွယ်ရေးပစ္စည်းကိရိယာများ | 62.615 |
| 6 | သဘာဝဓါတ်ငွေ့ | kg | 4252427.751 | 42.061 | | 6 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 59.945 |
| 7 | နှမ်း | မတန် | 22212.295 | 38.593 | | 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 51.044 |
| 8 | (က)မတ်ပဲ | မတန် | 42367.098 | 24.943 | | 8 | စားအုန်းဆီ | 42.156 |
| 9 | ဆန်ကွဲ | မတန် | 70288.250 | 18.195 | | 9 | ဆေးဝါးပစ္စည်းများ | 40.775 |
| 10 | (ဂ)ပဲစဉ်းငုံ | မတန် | 22938.153 | 12.235 | | 10 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 39.087 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၈-၁၀-၂၀၁၈) ထိ | ၂၀၁၉-၂၀၂၀ (၁၈.၁၀-၂၀၁၉) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၈-၁၀ -၂၀၁၈) | ၂၀၁၉ -၂၀၂၀ (၁၈ -၁၀ -၂၀၁၉) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 121.105 | 137.318 | 16.213 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 340.321 | 289.361 | -50.960 |
| ၂ | တိရိစ္ဆာန်ထွက် | 25.499 | 10.270 | -15.229 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 332.603 | 284.948 | -47.655 |
| ၃ | ရေထွက် | 46.017 | 47.936 | 1.919 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 73.550 | 209.524 | 135.974 | | ၃ | လူသုံးကုန်ပစ္စည်း | 185.813 | 158.206 | -27.607 |
| ၅ | သစ်တောထွက် | 13.137 | 8.232 | -4.905 | | ၄ | CMP | 142.087 | 115.092 | -26.995 |
| ၆ | စက်မှုကုန်ချော | 523.899 | 305.159 | -218.740 | | | | | | |
| ၇ | အခြား | 78.110 | 31.862 | -46.278 | | | | | | |
| | **စုစုပေါင်း** | **881.317** | **750.301** | **-131.016** | | | **စုစုပေါင်း** | **1000.824** | **847.607** | **-153.217** |

# ကုန်စည်ဒိုင် စျေးနှုန်းများ

## ၂၀၁၉၊ အောက်တိုဘာလအတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်စျေးနှုန်း

| မြို့နယ် | ဆန်(နှ)ရှယ် ၅ % | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း | ညှော့မထဆန် ၂၅ % |
|---|---|---|---|---|
| ဖျာပုံ | 19500–20500 | 35000–48000 | | 18000–18500 |
| မြောင်းမြ | 19500–20500 | 42000–44000 | | 18000–18500 |
| ဒေးဒရဲ | 19500–20500 | 35000–38000 | | 18000–18500 |
| ဝါးခယ်မ | 19800–20200 | 35000–38000 | | 18000–18500 |
| ဘိုကလေး | 18500–19300 | 25000–33000 | | 17500–18000 |
| မော်ကျွန်း | 19300–19700 | 30000–35000 | | 17500–18000 |
| လပွတ္တာ | 19000–19300 | 30000–35000 | | 17500–18000 |
| ကျိုက်လတ် | 19000–19300 | 30000–33000 | | 17500–18000 |
| ဘုရင့်နောင် | 18700–19500 | | 55000–60000 | 17500–18000 |

**Source: MRF**

## ၂၀၁၉၊ အောက်တိုဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်) (ရေဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ညှော်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 2 | 2.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 3 | 3.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 4 | 4.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 5 | 7.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 6 | 8.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 7 | 9.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 8 | 10.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 9 | 16.10.19 | 34000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 10 | 17.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 11 | 18.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 12 | 21.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 13 | 22.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 14 | 23.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 15 | 24.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 16 | 25.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 17 | 29.10.9 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 18 | 30.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 19 | 31.10.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |

**Source:** ဝါးတန်းကုန်စည်ဒိုင်

## ၂၀၁၉၊ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ / RC | | ပဲစင်းငုံ RC | | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၈ | ၂၀၁၉ | ၂၀၁၇ | ၂၀၁၉ | | | | |
| 1 | 1.10.19 | | 844000 | | | 1172700–1194200 | 1273800–1298300 | 796100–817500 | 1010400–1224800 |
| 2 | 2.10.19 | | 859000 | | | 1172700–1224800 | 1224800–1286000 | 783900–817500 | 1010400–1172700 |
| 3 | 3.10.19 | | 869000 | | | 1172700–1224800 | 1224800–1286000 | 783900–808400 | 1010400–1172700 |
| 4 | 4.10.19 | | 853000 | | | 1172700–1224800 | 1224800–1286000 | 783900–808400 | 1010400–1172700 |
| 5 | 7.10.19 | | 829000 | | | 1181900–1215600 | 1224800–1286000 | 783900–796100 | 1010400–1172700 |
| 6 | 8.10.19 | | 843000 | | | 1142100–1175800 | 1224800–1286000 | 774700–7961000 | 1010400–1172700 |
| 7 | 9.10.19 | | 846000 | | | 1172700–1194200 | 1224800–1286000 | 774700–796100 | 1010400–1172700 |
| 8 | 10.10.19 | | 845000 | | | 1172700–1194200 | 1224800–1286000 | 774700–796100 | 1010400–1172700 |
| 9 | 16.10.19 | | 880000 | 825000 | | 1194200–1206400 | 1224800–1286000 | 817500–835900 | 1010400–1172700 |
| 10 | 17.10.19 | | 970000 | | | 1194200–1206400 | 1224800–1286000 | 817500–835900 | 1010400–1172700 |
| 11 | 18.10.19 | | 974000 | | | 1194200–1206400 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 12 | 21.10.19 | | 965000 | | | 1194200–1206400 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 13 | 22.10.19 | | 958000 | | | 1194200–1206400 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 14 | 23.10.19 | | 956000 | | | 1194200–1206400 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 15 | 24.10.19 | | 956000 | | | 1194200–1206400 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 16 | 25.10.19 | | 948000 | | | 1224800–1246200 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 17 | 29.10.9 | | 1036000 | | | 1243200–1267600 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 18 | 30.10.19 | | 1079000 | | | 1246200–1267600 | 1255400–1286000 | 796100–817500 | 1010400–1172700 |
| 19 | 31.10.19 | | 1063000 | | | 1243200–1267600 | 1255400–1286000 | 796100–817500 | 1010400–1172700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)


| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 281700–284800 |
| 2 | 2.10.19 | 1246200–1301300 | 692000–704200 | 713400–765500 | 643000–655300 | 275600–290900 |
| 3 | 3.10.19 | 1246200–1301300 | 692000–704200 | 713400–765500 | 643000–655300 | 275600–290900 |
| 4 | 4.10.19 | 1246200–1301300 | 692000–704200 | 713400–765500 | 643000–655300 | 275600–290900 |
| 5 | 7.10.19 | 1246200–1301300 | 692000–704200 | 713400–765500 | 643000–655300 | 275600–290900 |
| 6 | 8.10.19 | 1246200–1301300 | 692000–704200 | 713400–765500 | 643000–655300 | 275600–290900 |
| 7 | 9.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 275600–290900 |
| 8 | 10.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 266400–278600 |
| 9 | 16.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 266400–278600 |
| 10 | 17.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 266400–278600 |
| 11 | 18.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 266400–278600 |
| 12 | 21.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 281700–297000 |
| 13 | 22.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 275600–290900 |
| 14 | 23.10.19 | 1244400–1301300 | 692000–704200 | 753200–765500 | 643000–655300 | 275600–290900 |
| 15 | 24.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 275600–290900 |
| 16 | 25.10.19 | 1244400–1301300 | 692000–704200 | 753200–765500 | 643000–655300 | 281700–297000 |
| 17 | 29.10.9 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 281700–297000 |
| 18 | 30.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 281700–297000 |
| 19 | 31.10.19 | 1246200–1301300 | 692000–704200 | 753200–765500 | 643000–655300 | 281700–297000 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ အောက်တိုဘာလ၏ နေ့စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 7.10.19 | 1200-1250 | 1150-1250 | 1100-1200 | 1000-1100 | 1050-1150 |
| 2 | 16.10.19 | 1200-1250 | 1150-1250 | 1100-1200 | 1000-1100 | 1050-1150 |
| 3 | 21.10.19 | 1200-1250 | 1150-1250 | 1100-1200 | 1000-1100 | 1050-1150 |
| 4 | 29.10.19 | 1200-1250 | 1150-1250 | 1100-1200 | 1000-1100 | 1050-1150 |

Source: mrppa





## ၂၀၁၉၊ အောက်တိုဘာလ၏ နေ့စဉ် စက်သုံးဆီ ၁ လီတာဈေးနှုန်း

| No | Date | Yangon | | Mandalay | |
|---|---|---|---|---|---|
| | | အောက်တိန်း | ဒီဇယ်ဆီ | အောက်တိန်း | ဒီဇယ်ဆီ |
| 1 | 1.10.19 | 773 | 853 | 796 | 862 |
| 2 | 2.10.19 | 756 | 844 | 787 | 853 |
| 3 | 3.10.19 | 756 | 836 | 782 | 844 |
| 4 | 4.10.19 | 760 | 849 | 787 | 858 |
| 5 | 7.10.19 | 760 | 836 | 782 | 844 |
| 6 | 8.10.19 | 769 | 836 | 796 | 849 |
| 7 | 9.10.19 | 778 | 836 | 800 | 844 |
| 8 | 10.10.19 | 778 | 849 | 800 | 858 |
| 9 | 16.10.19 | 778 | 853 | 809 | 867 |
| 10 | 17.10.19 | 778 | 853 | 809 | 862 |
| 11 | 18.10.19 | 778 | 853 | 813 | 862 |
| 12 | 21.10.19 | 782 | 849 | 804 | 858 |
| 13 | 22.10.19 | 787 | 849 | 809 | 858 |
| 14 | 23.10.19 | 800 | 853 | 827 | 862 |
| 15 | 24.10.19 | 809 | 858 | 831 | 867 |
| 16 | 25.10.19 | 813 | 871 | 836 | 880 |
| 17 | 29.10.9 | 831 | 876 | 853 | 889 |
| 18 | 30.10.19 | 831 | 880 | 853 | 889 |
| 19 | 31.10.19 | 818 | 871 | 853 | 880 |

Source: e trade Myanmar

## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

## ၂၀၁၉၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 2.10.19 to 8.10.19 | 9.10.19 to 15.10.19 | 16.10.19 to 22.10.19 | 23.10.19 to 29.10.19 |
|---|---|---|---|---|
| Emata 5 % | 360-365 | 360-365 | 360-365 | 360-365 |
| Emata 10 % | 350-355 | 350-355 | 350-355 | 350-355 |
| Emata 15% | 340-345 | 340-345 | 340-345 | 340-345 |
| Emata 25 % | 310-315 | 310-315 | 310-315 | 310-315 |
| Emata 35 % | 300-310 | 300-310 | 300-310 | 300-310 |
| Ngasein 5% | 370-380 | 370-380 | 370-380 | 370-380 |
| Ngasein 15% | 355-365 | 355-365 | 355-365 | 355-365 |
| Ngasein 20% | 350-355 | 350-355 | 350-355 | 350-355 |
| Ngasein 25% | 330-335 | 330-335 | 330-335 | 330-335 |
| A 1-2 | 315-320 | 315-320 | 315-320 | 315-320 |
| B 1-2 | 270-275 | 270-275 | 270-275 | 270-275 |
| B 2-3-4 | 265-270 | 265-270 | 265-270 | 265-270 |
| B 1&Extra | 265-280 | 265-280 | 265-280 | 265-280 |
| Glutinous 5 % | 425-430 | 425-430 | 425-430 | 425-430 |
| Glutinous 25 % | 400-410 | 400-410 | 400-410 | 400-410 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 |

**Source: MRF**

## ၂၀၁၉၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 1. 10. 19 to 4. 10. 19 | 7. 10 .19 to 10. 10. 19 | 16. 10. 19 to 18. 10. 19 | 21. 10. 19 to 25. 10 .19 | 29. 10. 19 to 31. 10 .19 |
|---|---|---|---|---|---|---|
| မတ်ပဲ(2018 crop) | FAQ | 550–570 | 525–545 | 600–620 | 625–645 | 680–700 |
| | SQ | 690–710 | 660–680 | 730–750 | 735–755 | 780–800 |
| | အခွံချွတ် အလုံး/ အခြမ်း | 790–815 | 750–780 | 860–890 | 895–925 | 975–1000 |
| | အခွံပါ အခြမ်း | 690–715 | 660–685 | 750–775 | 785–810 | 635–655 |
| မတ်ပဲ (2017 crop) | FAQ | 540–560 | 515–535 | 580–600 | 610–630 | 665–685 |
| | SQ | 680–700 | 650–670 | 710–730 | 720–740 | 765–785 |
| | အခွံချွတ် အလုံး/ အခြမ်း | 775–800 | 740–765 | 830–860 | 875–950 | 950–980 |
| | အခွံပါ အခြမ်း | 675–700 | 645–670 | 725–750 | 765–790 | 835–860 |
| ပဲတီစိမ်း | FAQ (အညာ) | 750–800 | 750–800 | 750–800 | 750–800 | 750–800 |
| | FAQ (ပခုက္ကူ) | 780–830 | 780–830 | 780–830 | 780–830 | 780–830 |
| | ရွှေဝါအသေး (Under 3.5 mm) | 850–875 | 850–875 | 850–875 | 850–875 | 850–875 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950–1000 | 950–1000 | 950–1000 | 950–1000 | 950–1000 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 925–975 | 925–975 | 925–975 | 925–975 | 925–975 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | 940–1020 | 940–1020 | 940–1020 | 940–1020 | 940–1020 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1000–1070 | 1000–1070 | 1000–1070 | 1000–1070 | 1000–1070 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1040–1050 | 1040–1050 | 1040–1050 | 1040–1050 | 1040–1050 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | 1000–1030 | 1000–1030 | 1000–1030 | 1000–1030 | 1000–1030 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 620–640 | 585–605 | 630–650 | 610–630 | 600–620 |
| | ဖြူနီ (FAQ) | 620–640 | 585–605 | 630–650 | 610–630 | 600–620 |
| | အဖြူ (FAQ) | 620–640 | 585–605 | 630–650 | 610–630 | 600–620 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 560–580 | 525–545 | 570–590 | 550–570 | 550–570 |
| | ဖြူနီ (FAQ) | 560–580 | 525–545 | 570–590 | 550–570 | 550–570 |
| | အဖြူ (FAQ) | 560–580 | 525–545 | 570–590 | 550–570 | 550–570 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600–630 | 600–630 | 600–630 | 600–630 | 600–630 |
| | အခွံချွတ်အခြမ်း | 800–840 | 800–840 | 800–840 | 800–840 | 800–840 |
| ပဲလွန်းဖြူ | FAQ | 460–490 | 460–490 | 460–490 | 460–490 | 460–490 |
| | SQ (12.5 ဇကာ) | 530–580 | 530–580 | 530–580 | 530–580 | 530–580 |
| ပဲလွန်းနီ | FAQ | 500–530 | 500–530 | 500–530 | 500–530 | 500–530 |
| မြေထောက်ပဲ | FAQ | 950–980 | 950–980 | 950–980 | 950–980 | 950–980 |
| | အခွံချွတ်အခြမ်း | 1190–1225 | 1190–1225 | 1190–1225 | 1190–1225 | 1190–1225 |
| | အခွံပါအခြမ်း | 1000–1035 | 1000–1035 | 1000–1035 | 1000–1035 | 1000–1035 |
| ပဲထောပတ် | FAQ | 825–850 | 825–850 | 825–850 | 825–850 | 825–850 |
| | အခွံချွတ်အခြမ်း | 800–950 | 800–950 | 800–950 | 800–950 | 800–950 |
| | အခွံပါအခြမ်း | 750–900 | 750–900 | 750–900 | 750–900 | 750–900 |
| ပြောင်း | | 190–200 | 190–200 | 190–200 | 190–200 | 190–200 |
| နှမ်းဖြူ | | 1550–1600 | 1550–1600 | 1550–1600 | 1550–1600 | 1550–1600 |
| နှမ်းနက် (စမုံ) | | 2600–2700 | 2600–2700 | 2600–2700 | 2600–2700 | 2600–2700 |
| နှမ်းမှုန် | | 1750–1850 | 1750–1850 | 1750–1850 | 1750–1850 | 1750–1850 |
| နှမ်းညို | | 1400–1500 | 1400–1500 | 1400–1500 | 1400–1500 | 1400–1500 |
| နှမ်းနက်(ရိုးရိုး) | | 1700–1900 | 1700–1900 | 1700–1900 | 1700–1900 | 1700–1900 |
| ပဲကြီး | | 700–750 | 700–750 | 700–750 | 700–750 | 700–750 |
| ပဲယင်း | | 550–580 | 550–580 | 550–580 | 550–580 | 550–580 |
| ဘိုကိတ် | | 380–410 | 380–410 | 380–410 | 380–410 | 380–410 |
| နံနံစေ့ | | 550–600 | 550–600 | 550–600 | 550–600 | 550–600 |

Source: e trade Myanmar

## နိုင်ငံတကာ ဈေးနှုန်းများ (FOB)

### ၂၀၁၉၊ အောက်တိုဘာလ အတွင်း အိန္ဒိယနိုင်ငံ ပဲဈေးနှုန်း

| No | Date | မတ်ပဲ Mumbai | ပဲစင်းငုံ Mumbai |
|---|---|---|---|
| 1 | 1.10.19 | 756 | 678 |
| 2 | 2.10.19 | | |
| 3 | 3.10.19 | 751 | 674 |
| 4 | 4.10.19 | 733 | 677 |
| 5 | 7.10.19 | 740 | 680 |
| 6 | 8.10.19 | | |
| 7 | 9.10.19 | 766 | 678 |
| 8 | 10.10.19 | 781 | 679 |
| 9 | 16.10.19 | 846 | 692 |
| 10 | 17.10.19 | 882 | 700 |
| 11 | 18.10.19 | 885 | 709 |
| 12 | 21.10.19 | | |
| 13 | 22.10.19 | 902 | 701 |
| 14 | 23.10.19 | 909 | 698 |
| 15 | 24.10.19 | 895 | 691 |
| 16 | 25.10.19 | 901 | 694 |
| 17 | 29.10.9 | | |
| 18 | 30.10.19 | 944 | 697 |
| 19 | 31.10.19 | 960 | 706 |

Source: e trade Myanmar

### ၂၀၁၉၊ အောက်တိုဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil | Bernt Curde Oil | RBoB Gasoline | Narural Gas | Heading Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 1.10.19 | 54.54 | 60.78 | 160.49 | 2.32 | 190.56 |
| 2 | 2.10.19 | 54.18 | 59.30 | 157.87 | 2.30 | 190.83 |
| 3 | 3.10.19 | 52.82 | 57.69 | 154.88 | 2.26 | 186.95 |
| 4 | 4.10.19 | 52.65 | 57.92 | 155.87 | 2.35 | 188.55 |
| 5 | 7.10.19 | 52.65 | 58.09 | 156.08 | 2.32 | 188.74 |
| 6 | 8.10.19 | 53.07 | 58.70 | 157.89 | 2.30 | 191.09 |
| 7 | 9.10.19 | 52.48 | 58.11 | 157.89 | 2.29 | 190.60 |
| 8 | 10.10.19 | 52.45 | 58.16 | 157.97 | 2.24 | 191.33 |
| 9 | 16.10.19 | 52.96 | 58.91 | 161.93 | 2.34 | 191.65 |
| 10 | 17.10.19 | 52.89 | 59.01 | 160.80 | 2.29 | 193.39 |
| 11 | 18.10.19 | 53.81 | 59.60 | 161.52 | 2.32 | 194.14 |
| 12 | 21.10.19 | 53.67 | 59.23 | 161.67 | 2.31 | 194.47 |
| 13 | 22.10.19 | 53.31 | 58.89 | 160.84 | 2.24 | 193.80 |
| 14 | 23.10.19 | 54.16 | 59.39 | 160.30 | 2.28 | 193.87 |
| 15 | 24.10.19 | 55.50 | 60.79 | 164.36 | 2.29 | 195.43 |
| 16 | 25.10.19 | 55.91 | 61.32 | 165.57 | 2.33 | 197.93 |
| 17 | 29.10.9 | 55.69 | 61.51 | 167.21 | 2.45 | 196.08 |
| 18 | 30.10.19 | 55.25 | 61.41 | 169.00 | 2.60 | 195.24 |
| 19 | 31.10.19 | 55.22 | 60.88 | 166.45 | 2.70 | 191.45 |

Source: Bloomberg Commodities

## ၂၀၁၉၊ အောက်တိုဘာလအတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | Oct 1 2019 | 103.46 | * | 174.70 | * | 125.55 |
| 2 | Oct 3 2019 | 102.98 | * | 172.05 | * | 126.25 |
| 3 | Oct 4 2019 | 102.57 | * | 168.75 | * | 125.25 |
| 4 | Oct 7 2019 | 125.90 | * | 169.30 | * | 102.76 |
| 5 | Oct 8 2019 | 102.71 | * | 169.05 | * | 126.55 |
| 6 | Oct 9 2019 | 102.64 | * | 169.05 | * | 127.65 |
| 7 | Oct 10 2019 | 103.36 | * | 167.35 | * | 129.00 |
| 8 | Oct 11 2019 | 102.30 | * | 168.20 | * | 129.10 |
| 9 | Oct 14 2019 | 102.32 | * | 168.95 | * | 131.30 |
| 10 | 15 Oct 2019 | 130.35 | * | 168.95 | * | 101.96 |
| 11 | 16 Oct 2019 | 102.13 | * | 168.25 | * | 130.20 |
| 12 | 17 Oct 2019 | 102.30 | * | 167.80 | * | 130.50 |
| 13 | Oct 18 2019 | 102.94 | * | 168.75 | * | 130.95 |
| 14 | Oct 21 2019 | 102.96 | * | 169.95 | * | 131.35 |
| 15 | Oct 22 2019 | 103.81 | * | 172.05 | * | 132.80 |
| 16 | Oct 23 2019 | 103.87 | * | 173.55 | * | 133.40 |
| 17 | Oct 24 2019 | 103.59 | * | 174.10 | * | 132.80 |
| 18 | Oct 25 2019 | 103.49 | * | 174.10 | * | 132.20 |
| 19 | Oct 29 2019 | 103.95 | * | * | * | 132.35 |
| 20 | Oct 30 2019 | 104.03 | * | 175.30 | * | 132.65 |
| 21 | Oct 31 2019 | 105.03 | * | 175.35 | * | 134.05 |

Source: Association of natural rubber producting countries

## ရွှေဈေးနှုန်းအခြေအနေ


### ၂၀၁၉၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$ ) နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.10.19 | 1470 | 1472 | 1210000 | 1208000 |
| 2 | 2.10.19 | 1479 | 1481 | 1217000 | 1217500 |
| 3 | 3.10.19 | 1500 | 1503 | 1227000 | 1227000 |
| 4 | 4.10.19 | 1511 | 1513 | 1229500 | 1228000 |
| 5 | 7.10.19 | 1509 | 1511 | 1229500 | 1229200 |
| 6 | 8.10.19 | 1493 | 1495 | 1220500 | 1220000 |
| 7 | 9.10.19 | 1507 | 1510 | 1230000 | 1230200 |
| 8 | 10.10.19 | 1511 | 1513 | 1228000 | 1228000 |
| 9 | 16.10.19 | 1485 | 1486 | 1220000 | 1218500 |
| 10 | 17.10.19 | 1490 | 1492 | 1223000 | 1223000 |
| 11 | 18.10.19 | 1494 | 1496 | 1223000 | 1221000 |
| 12 | 21.10.19 | 1493 | 1495 | 1221000 | 1220000 |
| 13 | 22.10.19 | 1486 | 1487 | 1216500 | 1216000 |
| 14 | 23.10.19 | 1491 | 1493 | 1219000 | 1218500 |
| 15 | 24.10.19 | 1495 | 1496 | 1218500 | 1218000 |
| 16 | 25.10.19 | 1504 | 1505 | 1221000 | 1221000 |
| 17 | 29.10.9 | 1494 | 1495 | 1217500 | 1216000 |
| 18 | 30.10.19 | 1491 | 1492 | 1215000 | 1214000 |
| 19 | 31.10.19 | 1500 | 1502 | 1217000 | 1215000 |

Source: Bullionvault, etrademyanmar

## ၂၀၁၉၊ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(US$)

| Date | Doller | Earning |
|---|---|---|
| 1.10.19 | 1538 | |
| 2.10.19 | 1534 | 1534 |
| 3.10.19 | 1530 | 1532 |
| 4.10.19 | 1533 | 1533 |
| 7.10.19 | 1534 | 1534 |
| 8.10.19 | 1533 | 1534 |
| 9.10.19 | 1533 | 1534 |
| 10.10.19 | 1530 | 1531 |
| 16.10.19 | 1532 | 1534 |
| 17.10.19 | 1531 | 1533 |
| 18.10.19 | 1531 | 1534 |
| 21.10.19 | 1531 | 1533 |
| 22.10.19 | 1534 | 1535 |
| 23.10.19 | 1533 | 1534 |
| 24.10.19 | 1532 | 1533 |
| 25.10.19 | 1530 | 1531 |
| 29.10.9 | 1531 | 1531 |
| 30.10.19 | 1529 | 1528 |
| 31.10.19 | 1528 | 1525 |




Source: e trade Myanmar

## ၂၀၁၉၊ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.10.19 | | | | | | |
| 2 | 2.10.19 | 1534.0 | 50.049 | 214.59 | 1106.8 | 21.574 | 1424.5 |
| 3 | 3.10.19 | 1532.1 | 50.126 | 214.33 | 1108.6 | 21.569 | 1430.3 |
| 4 | 4.10.19 | 1532.0 | 50.337 | 214.32 | 1110.9 | 21.581 | 1434.9 |
| 5 | 7.10.19 | 1532.7 | 50.304 | 214.39 | 1108.7 | 21.580 | 1434.2 |
| 6 | 8.10.19 | 1532.9 | 50.433 | 214.97 | 1111.1 | 21.591 | 1430.7 |
| 7 | 9.10.19 | 1533.2 | 50.526 | 214.92 | 1110.3 | 21.566 | 1429.4 |
| 8 | 10.10.19 | 1532.8 | 50.347 | 214.96 | 1111.4 | 21.551 | 1426.1 |
| 9 | 16.10.19 | 1532.4 | 50.383 | 215.76 | 1116.5 | 21.419 | 1409.9 |
| 10 | 17.10.19 | 1533.1 | 50.572 | 216.58 | 1121.9 | 21.520 | 1408.8 |
| 11 | 18.10.19 | 1533.1 | 50.639 | 216.46 | 1122.7 | 21.564 | 1410.7 |
| 12 | 21.10.19 | 1533.7 | 50.692 | 216.86 | 1126.9 | 21.651 | 1412.1 |
| 13 | 22.10.19 | 1535.3 | 50.645 | 216.78 | 1127.1 | 21.650 | 1414.3 |
| 14 | 23.10.19 | 1535.2 | 50.658 | 217.02 | 1126.3 | 21.648 | 1416.4 |
| 15 | 24.10.19 | 1533.6 | 50.672 | 216.93 | 1125.3 | 21.593 | 1410.8 |
| 16 | 25.10.19 | 1531.4 | 50.734 | 216.59 | 1123.6 | 21.590 | 1410.3 |
| 17 | 29.10.9 | 1529.7 | 50.661 | 216.59 | 1122.4 | 21.593 | 1404.7 |
| 18 | 30.10.19 | 1528.3 | 50.572 | 216.61 | 1121.9 | 21.540 | 1404.2 |
| 19 | 31.10.19 | 1525.5 | 50.538 | 216.88 | 1121.8 | 21.535 | 1404.7 |

Source: Central Bank of Myanmar